မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိ မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၇၁)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့
၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၆ ရက်၊ တနင်္လာနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ကျောက်မဲမြို့အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်၊ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၅**

တပ်မတော်က ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation)ကို တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကျောက်မဲမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး အစိုးရအုပ်ချုပ်မှုယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေးနှင့် မြို့ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် ထူထောင်ရေးလုပ်ငန်းများကို ဒေသခံပြည်သူလူထုနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာတာဝန်ရှိသူများ၊ **စာမျက်နှာ ၁၁ ကော်လံ ၁ ◆**



ကျောက်မဲမြို့၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများပူးပေါင်း၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



## ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ ပြေးဆွဲနေသည့် ကေဘယ်ကားများ နေ့စဉ်ပြန်လည်ပြေးဆွဲလျက်ရှိ

**ကျိုက်ထို အောက်တိုဘာ ၅**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ကြီးသို့ လာရောက်ကြသည့် ဘုရားဖူးပြည်သူများအဆင်ပြေစေရန် ကျိုက်ထီးရိုးကေဘယ်ကားများကို အောက်တိုဘာလ ၄ ရက်မှစတင်ပြီး နေ့စဉ်ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲလျက်ရှိကြောင်းသိရသည်။

**စာမျက်နှာ ၁၄ ကော်လံ ၃ ○**

## (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်များ နေပြည်တော်သို့ ဆက်လက်ရောက်ရှိ

စာ - ၁၁ သို့

## သီတင်းကျွတ်ပွဲတော်နှင့် အဘိဓမ္မာအခါတော်နေ့

ဆောင်းပါး စာ - ၁၃ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၆ ရက်)

# ထူးချွန်ထက်မြက်သည့် ပညာရှင်များပေါ်ထွန်းရာ တက္ကသိုလ်

မန္တလေးမြို့သည် ရှေးမြန်မာမင်းများထီးနန်းစိုက်ရာ မင်းနေပြည်တော်ဖြစ်ခဲ့သည့်အတွက် နန်းတွင်းဓလေ့ထုံးတမ်းအစဉ်အလာများ၊ သမိုင်းဝင်အနုပညာလက်ရာများနှင့် ထုံမွမ်းနေသကဲ့သို့ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ခေတ်အဆက်ဆက်လက်ဆင့်ကမ်းထိန်းသိမ်းခဲ့သည့် သမိုင်းဂုဏ်ရောင်ထွန်းပြောင်သည့်ဒေသလည်းဖြစ်သည်။ မန္တလေးမြို့၏ဂုဏ်ကျက်သရေကို ခံ့ညားထည်ဝါအောင်ဂုဏ်ဆောင်ပေးနေသည့် အထင်ကရအမှတ်သင်္ကေတများတွင် **"မန္တလေးတက္ကသိုလ်"** သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ **"မန္တလေးတက္ကသိုလ်"**သည် ဂုဏ်သိက္ခာမြင့်မားခြင်း၊ တင့်တယ်ခမ်းနားခြင်း၊ သမိုင်းအစဉ်အလာကောင်းမွန်ခြင်း၊ ပညာဂုဏ်သတင်းကျော်ကြားခြင်း၊ ထူးချွန်ထက်မြက်သည့် ထူးချွန်ပညာတတ်မောင်မယ်များမွေးထုတ်နိုင်ခြင်း စသည့်ဂုဏ်ဒြပ်များနှင့်ပြည့်စုံပြီး**"ပညာဖြန့်ဝေရာတက္ကသိုလ်"**အဖြစ် ခိုင်ခိုင်မာမာရပ်တည်နိုင်ခဲ့သည်မှာ ယခုဆိုပါက နှစ်ပေါင်း(၁၀၀)တိုင်ခဲ့ပြီဖြစ်သည်။ ထိုကဲ့သို့ ရွှေရတုနှစ်ဆက်တိုင်တိုင်အဓွန့်ရှည်ကြာတည်တံ့လာခဲ့သည့် မန္တလေးတက္ကသိုလ်ကြီးအတွက် ဂုဏ်ပြုဂုဏ်ယူဖွယ်ရာဖြစ်၍ **"ရာပြည့်သဘင်"** အခမ်းအနားကြီးသို့ နိုင်ငံတော်အကြီးအကဲကိုယ်တိုင်တက်ရောက်ကာ တခမ်းတနားကျင်းပခြင်းပင်ဖြစ်သည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာလ ၄ ရက်ကကျင်းပသည့် မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနားတွင်မိန့်ခွန်းပြောကြားစဉ် **"တက္ကသိုလ်တစ်ခု ရေရှည်တည်မြဲရန်ဆိုသည်မှာ ပါမောက္ခချုပ်များ၏ ကောင်းမွန်သည့်စီမံခန့်ခွဲမှု၊ ဆရာ၊ ဆရာမများ၏ ကိုယ်တိုင်ကျွမ်းကျင်တတ်မြောက်မှု၊ သင်ကြားမှုဆိုင်ရာအရည်အသွေးပြည့်ဝမှု၊ ကျောင်းသားများ၏ အမိတက္ကသိုလ်အပေါ် မြတ်နိုးတန်ဖိုးထားတတ်မှုနှင့် စိတ်ဓာတ်ကောင်းမွန်ရင့်ကျက်စေမှု၊ ဝန်ထမ်းများ၏ စိတ်စေတနာကောင်းများနှင့် စွမ်းဆောင်ရည်မြင့်မားမှုများအပေါ်မူတည်ကြောင်း၊ ထိုကဲ့သို့ကဏ္ဍအသီးသီးမှ အစဉ်တစိုက်ကြိုးပမ်းစွမ်းဆောင်ခဲ့ကြသည့်အတွက် မန္တလေးတက္ကသိုလ်ကြီးသည် ကြီးမြတ်သည့်ဂုဏ်ပုဒ်ဖြင့် နှစ်(၁၀၀)တိုင် ရပ်တည်နိုင်သည့် နိုင်ငံ့ဂုဏ်ဆောင်တက္ကသိုလ်ကျောင်းတော်ကြီးအဖြစ် ဂုဏ်ယူဖွယ်ရာမော်ကွန်းတင်နိုင်ခဲ့ပြီဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

မန္တလေးတက္ကသိုလ်၏ ကနဦးအစဖြစ်သည့် မန္တလေးဥပစာကောလိပ်ကို ၁၉၂၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်လက်အောက်ခံအဖြစ် သန္ဓေတည်ဖွင့်လှစ်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် မန္တလေးယူနီဗာစီတီကောလိပ်အဖြစ်အဆင့်မြှင့်တင်ခဲ့သည်။ ၁၉၅၈ ခုနှစ် ဇွန်လ ၁ ရက်တွင် မန္တလေးတက္ကသိုလ်ကို သီးခြားတက္ကသိုလ်အဖြစ်တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။ ထိုစဉ်က မန္တလေးတက္ကသိုလ်ကို စိုက်ပျိုးရေးမဟာဌာန၊ ဆေးပညာမဟာဌာန၊ သိပ္ပံမဟာဌာန၊ ဝိဇ္ဇာမဟာဌာန စသည့်မဟာဌာနကြီးလေးခုဖြင့် ဖွဲ့စည်းခဲ့ပြီး လက်အောက်ခံကောလိပ်များဖွင့်လှစ်ခဲ့သည့်အပြင် ဂုဏ်ထူးတန်းနှင့် မဟာတန်းများအထိ ပို့ချပေးခဲ့သည်။

၁၉၆၄ ခုနှစ် တက္ကသိုလ်ပညာရေးအက်ဥပဒေအရ တက္ကသိုလ်နှင့်ကောလိပ်များကို **"ဝိဇ္ဇာနှင့်သိပ္ပံပညာရေးဆိုင်ရာတက္ကသိုလ်"** နှင့် **"အသက်မွေးဝမ်းကျောင်းဆိုင်ရာတက္ကသိုလ်"** ဟူ၍နှစ်မျိုးခွဲပြီး ပြောင်းလဲဖွဲ့စည်းခဲ့ရာ မန္တလေးတက္ကသိုလ်၏ဌာနကြီးလေးခုအနက် ဆေးသိပ္ပံမဟာဌာနသည်**"မန္တလေးဆေးတက္ကသိုလ်"** ဖြစ်လာပြီး စိုက်ပျိုးရေးမဟာဌာနသည်**"မန္တလေးစိုက်ပျိုးရေးတက္ကသိုလ်"**ဖြစ်လာခဲ့သည်။ ကျန်သည့် သိပ္ပံမဟာဌာနနှင့်ဝိဇ္ဇာမဟာဌာနတို့ကိုပေါင်း၍ **"မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်"** အဖြစ်ဖွင့်လှစ်ခဲ့သည်။ ၁၉၈၁ ခုနှစ်၌မူ မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်ကို မူလအမည်ဖြစ်သည့် **"မန္တလေးတက္ကသိုလ်"**ဟုပြန်လည်ပြောင်းလဲခဲ့သည်မှာ ယနေ့ထိတိုင်ဖြစ်သည်။

တက္ကသိုလ်ဆိုသည်မှာ **အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရာ ဘူမိနက်သန်**ဖြစ်သကဲ့သို့ **ဆန်းသစ်တီထွင်သည့်နည်းပညာအခြေပြုသုတေသနများအစပြုဖော်ဆောင်ရာနေရာ**လည်းဖြစ်သည်။ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်ရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိရာတွင် အရည်အသွေးပြည့်ဝသည့် အရင်းအမြစ်များမွေးထုတ်ရာ တက္ကသိုလ်များနှင့် ကောလိပ်များ၊ သိပ္ပံများသည် အရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်။

ထို့ကြောင့် တက္ကသိုလ်များတွင် ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ်များ၊ ခေတ်မီဘာသာရပ်များကို ထည့်သွင်းသင်ကြားရုံဖြင့်မလုံလောက်ဘဲ တက္ကသိုလ်၏အသက်သွေးကြောဖြစ်သည့် **"သုတေသန"**များကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ သုတေသနကျမ်းများပြုစုရာတွင်ဖြစ်စေ၊ သင်ကြားသင်ယူရာတွင်ဖြစ်စေ စာကြည့်တိုက်အခြေပြု လေ့လာမှုအားကောင်းစေရေးဆောင်ရွက်ကြရန်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ပညာရေးနှင့်ကျန်းမာရေး၏အရေးပါမှုကိုအလေးထားပြီး နိုင်ငံတော်၏ဦးတည်ချက်(၄)ရပ်တွင် **"နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး"** ဆိုသည့် ဦးတည်ချက်ကိုထည့်သွင်းထားသကဲ့သို့ **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ပညာရေးကိုအားပေးစို့"**ဆိုသည့် ဆောင်ပုဒ်အတိုင်း ဘက်ပေါင်းစုံက ရင်းနှီးမြှုပ်နှံအားပေးပံ့ပိုးပေးလျက်ရှိသည်။ ထို့ကြောင့် တက္ကသိုလ်များအနေဖြင့် နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သည့်လူသားအရင်းအမြစ်များ၊ ပညာတတ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်သူများ၊ ပါရဂူများကိုမွေးထုတ်ပေးပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကြိုးစားအားထုတ်ရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

---

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**ရွေးကောက်ပွဲကျင်းပရန်**

**၈၃ ရက်**

**သာ လိုတော့သည်။**

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၈-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၅/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက် နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၅-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၀/၂၀၂၅)ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၁/၂၀၂၅)ဖြင့် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၂/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၃/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၆/၂၀၂၅)ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)တွင် ပါဝင်သည့်မြို့နယ်များကို သတ်မှတ်ကြေညာပြီးဖြစ်သည်။

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ။

မဲစာရင်းများကို ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က)ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်။

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၂-၁၀-၂၀၂၅ ရက်နေ့နောက်ဆုံးထားလျှောက်ထားနိုင်သည်။

---

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ယခုဘဏ္ဍာနှစ် ဒုတိယခြောက်လတွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၈ သိန်းတင်ပို့ရန်လျာထား



ရန်ကုန် အောက်တိုဘာ ၅

ယခုဘဏ္ဍာနှစ် ဒုတိယခြောက်လတွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၈ သိန်း တင်ပို့ရန်လျာထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သည် ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲများ တိုးမြှင့်တင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိရာ ယခုဘဏ္ဍာနှစ် ပထမခြောက်လအတွင်း ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၂ သိန်းတင်ပို့ရန်လျာထားသည့်အနက် စက်တင်ဘာလ ၃၀ ရက်အထိ လျာထားချက်အတိုင်း ပြည့်မီစွာတင်ပို့နိုင်ခဲ့ကာ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၀၈ သန်းခန့် ရရှိခဲ့သည်။

၂၀၂၅ ခုနှစ် အောက်တိုဘာလမှ ၂၀၂၆ ခုနှစ် မတ်လကုန်အထိ ဒုတိယခြောက်လတာကာလအတွင်း တစ်လလျှင် ဆန်နှင့်ဆန်ကွဲတန်ချိန် သုံးသိန်းနှုန်းဖြင့် စုစုပေါင်း တန်ချိန် ၁၈ သိန်းတင်ပို့ရန် လျာထားကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်တွင် ဆန်နှင့်ဆန်ကွဲတန်ချိန် သုံးသန်းတင်ပို့ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ပို့ကုန်ကုမ္ပဏီများမှ ကြိုးပမ်းဆောင်ရွက်လျက်ပြီး ဒုတိယခြောက်လတွင် တစ်လလျှင် တန်ချိန် သုံးသိန်းဝန်းကျင်အထိ တိုးမြှင့်တင်ပို့မည်ဖြစ်သည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်က ဆန်နှင့်ဆန်ကွဲတန်ချိန် ၂ ဒသမ ၄၈ သန်း တင်ပို့နိုင်ခဲ့ကြောင်း၊ ပြည်တွင်းဆန်၊ စပါးဈေးကွက်တွင် တချို့ဒေသများ၌ ကောက်စောစပါးများ စတင်ပေါ်ထွက်နေပြီဖြစ်၍ စပါးစိုက်တောင်သူများအတွက် သင့်တင့်မျှတသောဈေးနှုန်းများဖြင့် ဆန်၊ စပါးဝယ်ယူရေးများကို ဆောင်ရွက်ရန် ညီနောင်အသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များ၊ ကုမ္ပဏီများ၊ ဆန်စက်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ဈေးကွက်ဝယ်လိုအား မြှင့်တင်နိုင်မည့်နည်းလမ်းများကိုလည်း ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခန့်ခန့်**

# ပုသိမ်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၈၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ပုသိမ် အောက်တိုဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးဧက ၈၀၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုသိမ်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၉၁၄၃၆ ဧကကို ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ၈၂၄၃၇ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ စိုက်ပျိုးရန်ကျန်ရှိသည့် မိုးစပါးများကိုလည်း ဆက်လက်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မှာ မိုးစပါး ၉၁၄၃၆ ဧက လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ လက်ရှိမှာ ၈၂၄၃၇ ဧကအထိ စိုက်ပျိုးပြီးပါပြီ။ မိုးစပါးတွေ လျာထားချက်ပြည့်မီဖို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ နည်းပညာတွေ ပံ့ပိုးပေးထားပါတယ်။ တောင်သူတွေ ရွှေခရုနဲ့ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့်သိရှိစေဖို့အတွက် အသိပညာပေးဆိုင်းဘုတ်တွေကိုလည်း စိုက်ထူပေးထားပါတယ်။ ဒ့ါပြင် ကွင်းဆင်းသရုပ်ပြ နှိမ်နင်းရေးလုပ်ငန်းတွေကိုလည်း လက်တွေ့လုပ်ဆောင်ပေးနေပါတယ်။ တောင်သူတွေဘက်ကလည်း စိုက်ပျိုးရေးနည်းပညာတွေကို တောင်းခံလာတာရှိလို့ တောင်သူပညာပေးလုပ်ငန်းတွေကိုလည်း စဉ်ဆက်မပြတ်လုပ်ဆောင်ပေးနေပါတယ်။ ဒီလို တောင်သူပညာပေးလုပ်ငန်းတွေလုပ်ပေးတော့ စိုက်ပျိုးရေးလုပ်ငန်းတွေ အဆင်ပြေပါတယ်''ဟု ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူက ပြောသည်။



ပုသိမ်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၉၁၄၃၆ ဧက စိုက်ပျိုးရာတွင် ပုသိမ်ပေါ်ဆန်းရင်၊ ကျားပျံ၊ ဆင်းသုခ၊ မနောသုခ၊ ပခမ်း၊ ရက် ၉၀ စသည့် စပါးအမျိုးအစားကို အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **သုတကျော်**

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများ ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်

ပွင့်ဖြူ အောက်တိုဘာ ၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများ ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၅၂၆၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါမြေပဲစိုက်ခင်းများကို ဩဂုတ်လဒုတိယပတ်က စတင်နုတ်သိမ်းခဲ့ရာ ယခုအခါ ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ကာ တစ်ဧကလျှင် မြေပဲ ၅၅ ဒသမ ၂၆ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်မှာ မြေပဲ ၃၆၁၉ ဧက လျာထားစိုက်ပျိုးခဲ့တာ ၅၂၆၇ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးရေဖူလုံတဲ့အတွက် မြေပဲစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းမှုရှိခဲ့ပြီး အထွက်နှုန်းလည်းကောင်းမွန်ပါတယ်။ တစ်ဧကကို မြေပဲ ၅၅ ဒသမ ၂၆ တင်းလောက်ထွက်ရှိပါတယ်။ မြေပဲစိုက်ခင်းတွေ နုတ်သိမ်းတာနဲ့ပတ်သက်ပြီး အထွက်နှုန်းလျော့နည်းမှုမဖြစ်အောင်၊ အချိန်မီနုတ်သိမ်းနိုင်အောင်၊ နုတ်သိမ်းပြီးမြေပဲတွေ အရည်အသွေးကောင်းမွန်အောင် အမိုးအကာအောက်ကို စနစ်တကျ ထားသိုသိမ်းဆည်းတတ်စေဖို့ နည်းပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မြေဩဇာစနစ်တကျသုံးစွဲရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုကိုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး တောင်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာစေမည်ဖြစ်၍ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

### ကျွန်ုပ်၏ရည်မှန်းချက်

များစွာသောသူတို့သည် မိမိတို့၏တစ်သက်တာတွင် ရည်မှန်းချက်ဟူ၍ တိတိကျကျမရှိကြဘဲ အမှတ်မဲ့နေလာခဲ့ကြ၏။ လက်ရှိအခြေအနေထက်တိုးတက်အောင်ဆိုသော သောင်းပြောင်းခန့်မှန်းချက်မျိုးကားရှိတတ်ကြပါ၏။ တချို့ကမူ သူဌေးဖြစ်အောင်ဟူ၍လည်းကောင်း၊ ရာထူးတိုးတက်ကြီးကျယ်အောင်ဟူ၍လည်းကောင်း၊ ထင်ပေါ်ကျော်စောအောင်ဟူ၍လည်းကောင်း၊ အာဏာလက်ကိုင်ရအောင်ဟူ၍လည်းကောင်း အဓိကရည်မှန်းချက်တစ်ခုခုထားတတ်ကြလေသည်။ အထက်ပါရည်မှန်းချက်တို့မှာ ကျွန်ုပ်၏ အဓိကရည်မှန်းချက်မဟုတ်ချေ။ ထင်ပေါ်ကျော်စောခြင်းဟူသည်မှာ အလိုရှိတတ်သူများသည့်အလျောက် ကျွန်ုပ်လည်း အထိုက်အလျောက်တော့ ကြိုက်တတ်ပါ၏။ ကျော်စောထင်ရှားအောင်ကား တမင်မလုပ်ချင်တတ်ပါ။ ပစ္စည်းဥစ္စာဆိုသည်မှာလည်း အလွန်အမင်းမတောင့်တ၊ 'မရှိမရှား'ဆိုသောအဖြစ်မျိုးလောက်ဆိုလျှင် တော်လောက်ပြီထင်ပါသည်။ ပစ္စည်းဥစ္စာနှင့်ပတ်သက်၍မူ ကျွန်ုပ်မှာ ကျွန်ုပ်၏စေတနာအတိုင်း အကျိုးပေးလျက်ရှိသည်ထင်ပါ၏။ ကျွန်ုပ်သည် "သူဌေးကိုကြေးပွံ့သည်" ဟူသောစကားကဲ့သို့ တစ်သိန်းတန်ကျောင်းကြီးပေါ်၌ ထိုင်နိုင်သောဆရာတော်ကြီးတစ်ပါးအား (မည်မျှလောက် ကြည်ညိုဖွယ်ဆောင်သည်ဖြစ်စေ) ထိုကျောင်းထက်သာအောင် နှစ်သိန်းတန်ကျောင်းကြီးဆောက်လုပ်လှူဒါန်းချင်သော စေတနာမျိုး ဖြစ်ပေါ်လိမ့်မည်မဟုတ်။ (ကျွန်ုပ်ကိုယ်တိုင်သူဌေးဖြစ်လျှင်လည်း လုပ်လိမ့်မည်မဟုတ်။) ကျောင်းသင်္ခမ်းချို့ငဲ့သော ရဟန်းမျိုးအတွက်သာ လှူနိုင်က လှူချင်တတ်၏။ ဆိုလိုခြင်းမှာ လိုအပ်သောပုဂ္ဂိုလ်မျိုးအား လိုအပ်သလောက်သာ လှူချင်တတ်သည်။ ဖုံးပေါလအောမလုပ်ချင်တတ်ချေ။ တစ်သိန်းတန်ကျောင်းထိုင်ပုဂ္ဂိုလ်ကြီးမျိုးက "ဒါကြောင့် ဒကာကြီးမှာ ဖုံးပေါလအောအကျိုးမပေးဘဲ မင်္ဂလာပြတ်ရုံလောက်သာ အကျိုးပေးလျက်ရှိသည်"ဟုဆိုလျှင်ကား ကျွန်ုပ် မငြင်းလိုပါ။ ဟုတ်ကောင်း ဟုတ်ပေလိမ့်မည်ဟူ၍ပင် ဝန်ခံဖို့ အသင့်ရှိပါသည်။ သို့ရာတွင် ကျွန်ုပ်က ပြန်လည်လျှောက်ထားလိုသည်မှာကား "တပည့်တော်ကိုယ်တိုင်က ကျိုကျိုတက်အောင် ကြွယ်ဝသောအဖြစ်မျိုးကို တောင့်တခြင်းမရှိပါ။ မရှိမရှားဆိုသော အဖြစ်မျိုးလောက်ဆိုလျှင် တော်လောက်ပါပြီ၊ ပစ္စည်းဥစ္စာအလွန်အမင်းကြွယ်ဝတိုင်း ကောင်းချင်မှကောင်းတတ်သည်၊ ကာမဂုဏ်ယစ်ပြီး အကြီးအကျယ်ဇိမ်ခံမှုကြောင့် သိသင့်သိထိုက်သော အခြင်းအရာကို သိအောင်မကြိုးစားဘဲ ကြွယ်ဝသည်ထက်ကြွယ်ဝအောင်လုပ်ရသည်နှင့်ပင် ဖတ်ဖတ်မောပြီး တစ်ဘဝကုန်ဆုံးသွားသူများလည်း ဒုနဲ့ဒေးရှိကြပါသည်" ဟု လျှောက်ထားမည်ဖြစ်ပါသည်။

### ပြိုင်ဆိုင်မှု၏ဆိုးရွားခြင်း

သောက်သောက်စားစားနေလာခဲ့သူတစ်ယောက်က 'ကာမဂုဏ်ယစ်သည်'ဟူသောစကားလုံးကို အသုံးပြုမိသည့်အတွက် နှာခေါင်းရှုံ့ချင်သူများရှိတတ်သည်ဖြစ်သောကြောင့် ဤစကားလုံး၏အဓိပ္ပာယ်ကို ရှင်းလင်းအောင် ဖော်ပြရပေဦးမည်။ ရံဖန်ရံခါ သောက်စားတတ်သောလူတစ်ယောက်သည် ကာမဂုဏ်ဇိမ်ခံရာရောက်ခြင်းကား မှန်ပါသည်။ သို့ရာတွင် အထိုက်အလျောက် သောက်စားတတ်သောလူတစ်ယောက်သည် သောက်စားသည့်အခိုက်၌သာ မူးယစ်တတ်၏။ သူဌေးတစ်ယောက်မူကား (ဆင်ခြင်တုံတရားလက်လွှတ်ခဲ့လျှင်) ကာမဂုဏ်ခံစားမှုအပြိုင်ကားချင်းပြိုင်ရ၊ တိုက်ချင်းပြိုင်ရ၊ လိုင်စင်ရအောင်လုပ်ရ၊ သူ့ထက်ငါ ပစ္စည်းဥစ္စာသာအောင်လုပ်ရ၊ ကိုယ့်ထက်သာသောလူများအပေါ်၌ မနာလိုဖြစ်စေသဖြင့် ဖတ်ဖတ်မောလျက်ရှိကြသည်။ စင်စစ်မှာ ကာမဂုဏ်ခံစားမှုသည် မင်္ဂဖိုလ်နိဗ္ဗာန်အတွက် အနှောင့်အယှက်ဖြစ်ရုံမျှသာ တတ်နိုင်ပေရာ လူအများ၌ရှိတတ်ကြသည့် ဣဿာ၊ မစ္ဆရိယတရားများသည်သာလျှင် စိတ်၏ ဆင်းရဲပင်ပန်းခြင်းဖြစ်စေတတ်၍ ယုတ်နိမ့်သောဘဝမျိုးသို့ ပစ်ချတတ်လေသည်။ စိတ်သဘာဝကို ကျွန်ုပ်လေ့လာတွေ့ရှိရသည့်အတိုင်း တင်ပြရသော် ဟိုတယ်၌သောက်စားပျော်ပါးလျက်ရှိသော လူငယ်တစ်စုထက် တခြားသူဌေးများကဲ့သို့ လိုင်စင်များမရသဖြင့် မခံမရပ်နိုင်ဖြစ်ကာ အံသွားတကြိတ်ကြိတ်ဖြစ်နေသော ခနရှင်တစ်ယောက်၏အဖြစ်သည် ပိုပြီးဆင်းရဲရုံသာမက ဆိုးရွားယုတ်မာသောစိတ်ကူးမျိုးလည်း ပွားများစေနိုင်သည်ဟုဆိုလိုပေသည်။

> **"လောက၌ နာမ်နှင့်ရုပ်မှတစ်ပါး တခြားသောတရားမရှိပေရာ ဤနှစ်ခုအနက်တွင် ဗုဒ္ဓဘာသာတရားတော်အရ နာမ်(စိတ်)သည် ရှေ့ဆောင်ဖြစ်၍ စိတ်အကြောင်းကို ယထာဘူတကျကျ သိသည်ဆိုလျှင် ကိစ္စပြီးနိုင်သည်ဟု ဟောတော်မူသည်။ ယထာဘူတကျကျဟူသည်မှာ အနောက်တိုင်းသားများ လေ့လာခါစပြုနေကြသည့် စိတ်ပညာမျိုးလည်းမဟုတ်၊ အိန္ဒိယပြည်၌ ရှေးအစဉ်အလာကတည်းက လေ့ကျင့်လာကြသည့် ဝိညာဏံအနန္တံဟူသော အရူပကမ္မဋ္ဌာန်းမျိုးလည်းမဟုတ်၊ ဗုဒ္ဓ၏ စိတ္တာနုပဿနာနည်းကို ဆိုလိုသည် . . ."**

### ရည်မှန်းချက်နှစ်ခု

မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ကျွန်ုပ်သည် ပစ္စည်းဥစ္စာအလွန်အမင်းကြွယ်ဝသော သူဌေးတစ်ယောက်အဖြစ်ထက် ချောင်ချောင်ချိချိ မရှိမရှား နေထိုင်စားသောက်နိုင်သောအဖြစ်ကို အမှန်တကယ်လိုလားပါသည်။ သို့ရာတွင် မရှိမရှားဆိုသောအဖြစ်သည် ကျွန်ုပ်၏တစ်သက်တာ ရည်မှန်းချက်ဖြစ်သည်ဟုမဆိုလိုပါ။ မရှိမရှားဆိုသောအဖြစ်သည် ကျွန်ုပ်၏အခြေအနေ၌ အထူးကြိုးစားအားထုတ်နေရလောက်အောင် ခဲယဉ်းသော အလုပ်တစ်ခုမဟုတ်ပါ။ သို့ဆိုလျှင် ကျွန်ုပ်၏ တစ်သက်တာ ရည်မှန်းချက် မည်သို့နည်း။ ရည်မှန်းချက်မှာကား လူ့ပြည်သို့ရောက်နေရသည့် ဤဘဝတွင် လူတစ်ယောက်အနေဖြင့် သိသင့် သိထိုက်သော အခြင်းအရာများကို သိရအောင်လုပ်ယူရန်ဖြစ်ပါသည်။ သိသင့်သိထိုက်သော အခြင်းအရာဟူသည်မှာ (၁) လူ့အကြောင်း သို့မဟုတ် လောကီဗဟုသုတနှင့်(၂) စိတ်အကြောင်း သို့မဟုတ် လောကုတ္တရာရေးရာတို့ဖြစ်ပါသည်။ သဘာဝအားဖြင့် လောကုတ္တရာရေးရာသည် လောကီမှုထက်အရေးကြီးသည်ဆိုသော်လည်း ရိုးသားစွာ စဉ်းစားတတ်သူတစ်ယောက်အနေဖြင့် လောကီရေးကို ရှေးဦးစွာ လေ့လာဖို့လိုအပ်သည်ဟု သတ်မှတ်သည့်အတိုင်း လောကီဗဟုသုတကို နံပါတ်တစ်ထား၍ဖော်ပြခြင်းဖြစ်၏။ ဤရည်မှန်းချက်အရ ကျွန်ုပ်သည် လောကီမှုဆိုင်ရာ လူသားတို့၏အကြောင်းခြင်းရာကို သိရှိနားလည်အောင် အချိန်ရသမျှ လေ့လာဆည်းပူးခဲ့၏။ အနောက်တိုင်းပြည်များတွင် လူ့အကြောင်းကိုသိစေရန် တစ်ပြည်မှတစ်ပြည်သို့ လှည့်လည်ကြည့်ရှုတတ်ကြသည်ဖြစ်ရာ ကျွန်ုပ်အဖို့မှာ ဤသို့သော အခွင့်အရေးမျိုးမရရှိသည်ဖြစ်၍ ကမ္ဘာ့စာအုပ်ကောင်းများကို ဖတ်ရှုခြင်းအားဖြင့် လေ့လာဆည်းပူးရပါသည်။ (ဤခေတ်၌ ကမ္ဘာကိုလှည့်ဖို့ အခွင့်အရေးရလျက်ရှိကြသော အစိုးရအမှုထမ်းများနှင့် ဝန်ကြီး ဝန်ကလေးဆိုသူများသည် လူ့အကြောင်းကို ဘယ်လောက်များသိခဲ့ကြသည်မပြောတတ်၊ လူ့သဘာဝအကြောင်းနှင့်ပတ်သက်၍ စာတစ်စောင်တစ်ဖွဲ့ရေးသားကြခြင်းကိုမူကား မတွေ့ရဖူးသေးချေ။)

### အသိခက်လှသော စိတ်ကလေး

ဒုတိယရည်မှန်းချက်ဖြစ်သော လောကုတ္တရာရေးဆိုသည်မှာ စိတ်အကြောင်းပင်ဖြစ်၏။ လောက၌ နာမ်နှင့်ရုပ်မှတစ်ပါး တခြားသောတရားမရှိပေရာ ဤနှစ်ခုအနက်တွင် ဗုဒ္ဓဘာသာတရားတော်အရ နာမ်(စိတ်)သည်ရှေ့ဆောင်ဖြစ်၍ စိတ်အကြောင်းကို ယထာဘူတကျကျ သိသည်ဆိုလျှင် ကိစ္စပြီးနိုင်သည်ဟု ဟောတော်မူသည်။ ယထာဘူတကျကျဟူသည်မှာ အနောက်တိုင်းသားများ လေ့လာခါစပြုနေကြသည့် စိတ်ပညာမျိုးလည်းမဟုတ်၊ အိန္ဒိယပြည်၌ ရှေးအစဉ်အလာကတည်းက လေ့ကျင့်လာကြသည့် ဝိညာဏံအနန္တံဟူသော အရူပကမ္မဋ္ဌာန်းမျိုးလည်းမဟုတ်၊ ဗုဒ္ဓ၏စိတ္တာနုပဿနာနည်းကို ဆိုလိုသည်။ စိတ်အကြောင်းကို မည်မျှလောက်သိသည်ဖြစ်စေ ကိစ္စမပြီးနိုင်ဟု တချို့လူများ ထင်ကောင်းထင်ကြလိမ့်မည်။ စိတ်တစ်ခုတည်းကိုပင် ဗုဒ္ဓအလိုတော်ကျ သိအောင်လုပ်ထားပါက ကိစ္စပြီးနိုင်သည်ဟု ကျွန်ုပ်ယုံကြည်သည်။ ကျမ်းဂန်အထောက်အထားလည်း ပြနိုင်သည်။ အဘယ်ကြောင့်ဆိုသော် စိတ်ကိုအလိုတော်ကျအောင်သိသော ပုဂ္ဂိုလ်သည် စိတ်(လောက)ကို လွန်မြောက်သည့်တရားကိုလည်း သိသည်ဟုဆိုနိုင်သည်ဖြစ်သောကြောင့်တည်း။ မိမိနယ်ပယ်၏ နယ်နိမိတ်ကိုသိသောသူသည် နယ်ပယ်၏တခြားဘက်၌ရှိသောအရာကို သိသည်ဟုဆိုနိုင်သကဲ့သို့ပင် အနောက်တိုင်းစိတ်ပညာအကြောင်းနှင့် အိန္ဒိယပြည်ဝိညာဏံအနန္တံ(အရူပကမ္မဋ္ဌာန်း)ကို လေ့လာအားထုတ်သောပုဂ္ဂိုလ်များသည် စိတ်အခြင်းအရာကို (ဗုဒ္ဓ၏နည်းကဲ့သို့) ထိုးဖောက်လွန်မြောက်အောင် မည်သည့်နည်းနှင့်မျှ သိစွမ်းနိုင်ဖို့မရှိသောကြောင့် သံသရာမှ မလွတ်မြောက်နိုင်ဘဲရှိကြ၏။ အကယ်၍ ၎င်းတို့လည်း ထိုးဖောက်လွန်မြောက်နိုင်သောနည်းရှိသည်ဆိုခဲ့လျှင် ဗုဒ္ဓဘာသာအရ သမ္မာသမ္ဗုဒ္ဓတည်းဟူသော ဂုဏ်ပုဒ်သည် ပျက်ပြယ်ရတော့မည်ဖြစ်၍ ဗုဒ္ဓဘာသာ အယူဝါဒကြီးတစ်ခုလုံး ပြိုကွဲရပေတော့မည်။ ဗုဒ္ဓဘာသာဝင်စစ်မှန်ခဲ့လျှင် ဂေါတမဗုဒ္ဓ၏ ကျင့်စဉ်နည်းလမ်းများမှတစ်ပါး စိတ်သဘာဝကို အဆုံးတိုင်သိမြင်ပြီး လောကကြီးမှ လွန်မြောက်နိုင်သော ကျင့်စဉ်နည်းလမ်းမရှိနိုင်ဟု လက်ခံယုံကြည်ရပေမည်။ တစ်နည်းဆိုသော် လောကမှလွန်မြောက်နိုင်သော တခြားနည်းလမ်းရှိနိုင်သည်ဟုဆိုဝံ့သောသူသည် ဗုဒ္ဓဘာသာဝင်တစ်ယောက်မဟုတ်တော့ချေ။

**ဆက်လက်ဖော်ပြပါမည်။**

---

# မိုးညှင်းမြို့နယ်၌ ဆီစက်လုပ်ငန်းရှင်များ ဖွံ့ဖြိုးရေးချေးငွေဖြင့် အမှန်တကယ်လုပ်ငန်းလည်ပတ်ဆောင်ရွက်ထားခြင်း ရှိ မရှိကွင်းဆင်းစစ်ဆေး

မိုးညှင်း အောက်တိုဘာ ၅

ပြည်တွင်းစားသုံးဆီဖူလုံစေရန်နှင့် အရည်အသွေးကောင်းမွန်သော စားသုံးဆီများထုတ်လုပ်နိုင်စေရန် ရည်ရွယ်၍ ပြည်တွင်းဆီစက်များအဆင့်မြှင့်တင်ခြင်းနှင့် ခေတ်မီဆီစက်များ အသစ်တည်ထောင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့ စိမ်းရတနာမွန်(တောင်ပိုင်း)ရက်ကွက်ရှိ မြတ်သုခဆီစက်လုပ်ငန်းမှ ချေးငွေရယူထားပြီး ဆီစက်လုပ်ငန်းများ အမှန်တကယ် လုပ်ငန်းလည်ပတ်ဆောင်ရွက်ထားခြင်း ရှိ၊ မရှိကို အောက်တိုဘာလ ၄ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်းဦးဆောင်၍ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်သမဝါယမဦးစီးဌာနတို့မှ တာဝန်ရှိသူများပူးပေါင်းအဖွဲ့သည် မိုးညှင်းမြို့ စိမ်းရတနာမွန်(တောင်ပိုင်း) ရပ်ကွက်ရှိ မြတ်သုခဆီစက်လုပ်ငန်းအား ကွင်းဆင်းစစ်ဆေးကြရာ ဆီစက်လုပ်ငန်းရှင် ဦးချစ်ငွေက လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် စားသုံးဆီသိုလှောင်ထားရှိမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က ဆီစက်လုပ်ငန်းရှင် ဦးချစ်ငွေအား လုပ်ငန်းများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဆီစက်လုပ်ငန်းရှင်က လိုအပ်ချက်များအား ပြန်လည်ဆွေးနွေးပြောကြားပြီး သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရွှေမိုးညှင်း

# (၄၇)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးတက်ရောက်ခဲ့စဉ် အိမ်ရှင်နိုင်ငံမှစီစဉ်သည့် လေ့လာရေးအစီအစဉ်များသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ပါဝင်တက်ရောက်

နေပြည်တော် အောက်တိုဘာ ၅

ဖိလစ်ပိုင်နိုင်ငံ မက်ထရိုမနီလာတွင် အောက်တိုဘာလ ၁ ရက်မှ ၃ ရက်အထိ ကျင်းပခဲ့သော (၄၇)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် အောက်တိုဘာလ ၂ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့်ကျေးလက်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာလုပ်ငန်းများဖြစ်သည့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး၊ အရည်အသွေးပြည့်ဝသည့် မျိုးကောင်းမျိုးသန့်များထုတ်လုပ်ရေး၊ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ၊ စနစ်ကျသည့်စိုက်ပျိုးရေးနည်းလမ်းများအသုံးပြုရေးနှင့် ရေသွင်းစနစ်ဆိုင်ရာ အခြေခံအဆောက်အဦများကောင်းမွန်စေရေးအတွက် စီမံခန့်ခွဲနိုင်ရေးစသည့်လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားရေးနှင့် နေပြည်တော်တွင် တည်ဆောက်မည့် ဇီဝလုံခြုံရေးအဆင့်(၃) ရှိ တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းအား အချိန်မီတည်ဆောက်နိုင်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာလ ၂ ရက်တွင် ပြုလုပ်ခဲ့သော ဖိလစ်ပိုင်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန ဝန်ကြီးက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ အာဆီယံနှင့်အပေါင်းသုံးနိုင်ငံများမှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများနှင့်အတူ ပါဝင်တက်ရောက်ခဲ့ပြီး အောက်တိုဘာလ ၃ ရက်တွင် အာဆီယံနှင့်အပေါင်းသုံးနိုင်ငံများမှ လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာဝန်ကြီးများသည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ ရုက္ခဗေဒ၊ သတ္တဗေဒနှင့် ဘူမိဗေဒဆိုင်ရာ သမိုင်းကြောင်းများကို ခင်းကျင်းပြသထားသည့် အမျိုးသားသမိုင်းပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြသည်။



အဆိုပါလေ့လာရေးခရီးစဉ်တွင် ဖိလစ်ပိုင်နိုင်ငံ၏ စိုက်ပျိုးရေးဝန်ကြီးက ဖိလစ်ပိုင်နိုင်ငံသည် ၁၉၀၀ ပြည့်နှစ်တွင် သစ်တောဖုံးလွှမ်းမှု ၇၀ ရာခိုင်နှုန်းရှိခဲ့သော်လည်း သက္ကရာဇ် ၂၀၁၀ ပြည့်နှစ်ကာလအထိ နှစ် ၁၁၀ ကာလအတွင်း ပျမ်းမျှ ၁၂ ဒသမ ၈ ရာခိုင်နှုန်းသာကျန်ရှိတော့ကြောင်း၊ ထိုသို့သော သစ်တောပြုန်းတီးမှုများကြောင့် အာဆီယံဒေသတွင်း၌ သစ်ပင်ပေါင်း ၁ ဘီလီယံ စိုက်ပျိုးမည့်အဆိုပြုလွှာအား တင်ပြခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

အောက်တိုဘာလ ၃ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံနှင့်အပေါင်းသုံးနိုင်ငံများမှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ၊ ကိုယ်စားလှယ်များနှင့်အတူ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ World Trade Center ၌ နှစ်စဉ် အောက်တိုဘာလအတွင်းကျင်းပလေ့ရှိသော စိုက်ပျိုးရေးဆိုင်ရာ မျိုးစေ့များ၊ သီးနှံများ၊ စားသောက်ကုန်များ၊ လယ်ယာသုံးစက်ကိရိယာများ၊ ရေလုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်းဆိုင်ရာထွက်ကုန်များ ထုတ်လုပ်ဖြန့်ဖြူးနိုင်မှုနှင့် တောင်သူများအား သင်တန်းပို့ချမှုပုံစံများ စသည်တို့ကို ခင်းကျင်းပြသထားသည့် အကြိမ် (၃၀) မြောက် Agri-Link၊ (၂၄) ကြိမ်မြောက် Food-Link နှင့် (၁၉) ကြိမ်မြောက် Aqua-Link ပြခန်းများသို့ သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ရှိ အားကစားကွင်း / အားကစားရုံများအား ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် လိုက်လံကြည့်ရှုစစ်ဆေး၍ တိုင်းဒေသကြီးနှင့်ပြည်နယ် ဘိလိယက်နှင့်စနူကာပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး




ရန်ကုန် အောက်တိုဘာ ၅

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင်လိုက်ပါလျက် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ရှိ အားကစားကွင်း/အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းရှိ အားကစားကွင်းသို့ရောက်ရှိပြီး Multipurpose Stadium ရှိ လျှောက်လမ်းများနှင့် မျက်နှာစာအဝင်လမ်းများကောင်းမွန်စေရန်၊ နိုင်ငံတော်အလံကို သစ်လွင်တောက်ပစွာ အမြဲတမ်းလွှင့်ထူထားရန်၊ ပြိုင်ပွဲရုံ ရေရှည်တည်တံ့ကောင်းမွန်စေရေးအတွက် စနစ်တကျတာဝန်ယူထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ဥက္ကလာပမြို့နယ်ရှိ မြသီတာအားကစားကွင်းသို့ရောက်ရှိပြီး တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ဘောလုံးကွင်း အဆင့်မြှင့်တင်ခြင်းနှင့် အလျားပေ ၂၀၀၊ အနံပေ ၁၅၀ ရှိ လူဦးရေ ၂၀၀၀ ဆံ့ မိုးလုံလေလုံအားကစားရုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများရေရှည်တည်တံ့စေရေး၊ သတ်မှတ်စံချိန်၊ စံညွှန်းနှင့်ပြည့်မီပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေး၊ သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများအား အသေးစိတ်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာအားကစားကွင်းသို့ သွားရောက်၍ ဘောလုံးကွင်းအား ကြည့်ရှုစစ်ဆေးပြီး ဘောလုံးကွင်းမြေသား မျက်နှာပြင်ညီညာစေရေးနှင့် မြက်ခင်းပြင်စိမ်းလန်းစိုပြည်စေရေးနှင့် Synthetic ပြေးလမ်းကောင်းမွန်စေရေးတို့အတွက် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘိလိယက်နှင့်စနူကာပြိုင်ပွဲကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲနှင့် ပထမအဆင့်ပွဲစဉ်များဖြစ်သည့် စနူကာ-15 Red နှစ်ယောက်တွဲ ပြိုင်ပွဲယှဉ်ပြိုင်ကစားနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ပြီး မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်လာစေရေးနှင့် (၃၃) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်ဘိလိယက်နှင့်စနူကာအားကစားနည်းအနေဖြင့် အောင်နိုင်ရေးဆုတံဆိပ်များရရှိစေရေးအတွက် အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်ဆွေးနွေးပြောကြားခဲ့ပြီး နိုင်ငံ့ဂုဏ်ကိုမြှင့်တင်နိုင်အောင် ဝိုင်းဝန်းပူးပေါင်းကြိုးစားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# တိုင်ဖွန်းမုန်တိုင်း“မတ်မို” အားကောင်းသောအပူပိုင်းမုန်တိုင်းအဖြစ် အားလျော့သွားနိုင်

နေပြည်တော် အောက်တိုဘာ ၅

**တိုင်ဖွန်းမုန်တိုင်း“မတ်မို”(METMO)အခြေအနေ**

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း“မတ်မို”(MATMO) သည် အနောက်-အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ်ကို ကျန်ကျမ်းမြို့(Zhanjinag)နှင့် လိမ့်ကျိုးမြို့(Leizhou)တို့အကြားမှ ဖြတ်ကျော်လျက်ရှိသည်။


**တိုင်ဖွန်းမုန်တိုင်း“မတ်မို”၏တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**


အဆိုပါတိုင်ဖွန်းမုန်တိုင်း“မတ်မို”သည် ညနေ ၃ နာရီခွဲအချိန်တွင် မြောက်လတ္တီတွဒ် ၂၀ ဒသမ ၈ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၁၀ ဒသမ ၅ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၇၅ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၇၅ မိုင်နှုန်းခန့်ဖြစ်သည်။

**နောက် ၁၈ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါတိုင်ဖွန်းမုန်တိုင်း“မတ်မို”သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၁၈ နာရီအတွင်း အားကောင်းသောအပူပိုင်းမုန်တိုင်း“မတ်မို”အဖြစ်သို့ အားလျော့သွားနိုင်ကာ တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးပြည်နယ် ကမ်းရိုးတန်းဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**Japan Meteorological Agency(JMA)မှတိုင်ဖွန်းမုန်တိုင်း “မတ်မို” (MATMO)လမ်းကြောင်းပြပုံ**






(မိုး/ဇလ)

# မုဒုံမြို့ရှိ ဆံတော်ရှင်ကန်ကြီးစေတီတော်၏ (၁၅၁) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကျင်းပ

မုဒုံ အောက်တိုဘာ ၅

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့ရှိ သမိုင်းဝင် ဆံတော်ရှင်ကန်ကြီးစေတီတော်၏ (၁၅၁) ကြိမ်မြောက် သီတင်းကျွတ်ဗုဒ္ဓပူဇနိယပွဲတော် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို အောက်တိုဘာလ ၅ ရက်တွင် ဆံတော်ရှင်ကန်ကြီးစေတီတော် မင်္ဂလာကန်တော်၌ ကျင်းပသည်။

ရှေးဦးစွာ ဆံတော်ရှင်ကန်ကြီးစေတီတော် ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တ ကေတုဝါရနှင့် ဂေါပကအဖွဲ့ဝင်များသည် ဆံတော်ရှင် ကန်ကြီးစေတီတော်နှင့် မင်္ဂလာကန်တော်ကို ရှိခိုးဦးတိုက် ကန်တော့၍ ပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးသည်။ ယင်းမြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲတွင် မုဒုံမြို့ပေါ်ရပ်ကွက်များမှ လှေလှော်အသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်ပြီး ပထမပွဲစဉ်အဖြစ် မာရဇိန်လှေလှော်အသင်းနှင့် အောင်သိဒ္ဓိလှေလှော်အသင်းတို့ ယှဉ်ပြိုင်ကြသည်။

အဆိုပါလှေလှော်ပြိုင်ပွဲကို မျိုးဆက်သစ်လူငယ်များ အားကစားစိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်နှင့် ပြည်နယ်အတွင်း လှေလှော်အားကစားသမားကောင်းများပေါ်ထွက်လာစေရန် နှစ်စဉ်ကျင်းပလျက်ရှိပြီး ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် ပထမဆု ငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆု ငွေကျပ် ငါးသိန်း၊ တတိယဆု ငွေကျပ် သုံးသိန်း၊ နှစ်သိမ့်ဆုများနှင့် ထပ်ဆောင်းအပိုဆုများလည်း ချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ရာမည(ပြန်/ဆက်)



# ညောင်တုန်းမြို့နယ်၌ ကန္တော့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ

ညောင်တုန်း အောက်တိုဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် ၇၀ နှစ်နှင့်အထက် သက်ကြီး(အငြိမ်းစား) ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ဆရာများနေ့ အထိမ်းအမှတ် ပူဇော်ကန်တော့ပွဲကို အောက်တိုဘာလ ၄ ရက်က ညောင်တုန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပရာ အသက် ၇၀ နှစ်နှင့် အထက် သက်ကြီးကန်တော့ခံ (အငြိမ်းစား) ဆရာကြီး၊ ဆရာမကြီး ၇၆ ဦး တက်ရောက်ကန်တော့ခံခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တာဝန်ထမ်းဆောင်ဆဲဆရာမများက မြတ်ဆရာသီချင်းဖြင့် ဆီမီးထွန်းညှိဂုဏ်ပြုသီဆိုပြီး ကန္တော့ဆရာများနေ့ဖြစ်ပေါ်လာပုံအကြောင်းကို မြို့နယ်ပညာရေးမှူး ဦးထွန်းမြင့်က ဂုဏ်ပြုစကားပြောကြားသည်။ ထို့နောက် အသက် ၇၀ နှစ်နှင့်အထက် သက်ကြီး (အငြိမ်းစား) ဆရာကြီး၊ ဆရာမကြီးများကို အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) မြို့မကျောင်းအုပ်ဆရာကြီး ဦးရဲသီဟက နိဒါန်းစချီကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ပြီး အသက် ၇၀ နှစ်နှင့်အထက် သက်ကြီး (အငြိမ်းစား) ဆရာကြီး၊ ဆရာမကြီးများအား တာဝန်ထမ်းဆောင်ဆဲ ဆရာ၊ ဆရာမများက ဂါရဝပြုပူဇော်ကန်တော့ကြသည်။

ယင်းနောက် အသက် ၇၀ နှစ်နှင့်အထက် သက်ကြီး (အငြိမ်းစား) ဆရာကြီး၊ ဆရာမကြီးများကိုယ်စား အငြိမ်းစား ဆရာကြီး ဦးငွေအေးက ဆုံးမဩဝါဒစကားပြောကြားပြီး တာဝန်ထမ်းဆောင်ဆဲဆရာမများက အိုဘယ့်မြတ်ဆရာသီချင်းဖြင့်သီဆို၍ ဂါရဝပြုကန်တော့ကြသည်။ ဆက်လက်၍ အသက် ၇၀ နှစ်နှင့်အထက် ကန်တော့ခံသက်ကြီး (အငြိမ်းစား) ဆရာကြီး၊ ဆရာမကြီး တစ်ဦးလျှင် ငွေကျပ် ၉၀၀၀၀ နှုန်းဖြင့် ကန်တော့ခံ သက်ကြီး (အငြိမ်းစား) ဆရာကြီး၊ ဆရာမကြီး စုစုပေါင်း ၂၃၂ ဦးကို ဂါရဝပြုကန်တော့ခဲ့ကြောင်း သိရသည်။

ထွန်းကျော်စိုး(ညောင်တုန်း)

# မြစ်သားမြို့နယ် ပြည်သူ့စာကြည့်တိုက်၌ ခြင်းထိုးနည်း(အခမဲ့) သင်တန်းဖွင့်လှစ်

မြစ်သား အောက်တိုဘာ ၅


မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ပြည်သူ့စာကြည့်တိုက်၌ အမျိုးသမီးများ မိသားစုစားဝတ်နေရေးအတွက် တစ်နိုင်တစ်ပိုင်အပိုဝင်ငွေရရှိစေရန်နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ခြင်းထိုးနည်း (အခမဲ့)သင်တန်းကို အောက်တိုဘာလ ၄ ရက်က သင်ကြားရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့ပေါ်ရပ်ကွက်များမှ သင်တန်းသူများ တက်ရောက်သင်ကြားကြောင်း သိရသည်။

ရှေးဦးစွာ သင်တန်းနည်းပြ ဆရာမ ဒေါ်နန်းရွှေကြည်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ပြောကြားရာတွင် အလှလက်ကိုင်ခြင်းကို အမျိုးသမီးများ ရုံးသွား၊ ကျောင်းသွားရာတွင် အသုံးပြုနိုင်ကြောင်း၊ ယခုသင်တန်း တက်ရောက်ပြီးပါက မိသားစုစားဝတ်နေရေးအတွက် တစ်နိုင်တစ်ပိုင်အပိုဝင်ငွေရရှိမည်ဖြစ်ပြီး အမျိုးသမီးများအနေဖြင့် တတ်ထားသင့်သည့် အတတ်ပညာဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာမ ဒေါ်နန်းရွှေကြည်က ပန်းပွင့်ပုံခြင်းထိုးနည်း၊ အကွက်ဖော်ခြင်းထိုးနည်း စသည့် အလှခြင်းအမျိုးမျိုးထိုးနည်းတို့ကို စာတွေ့လက်တွေ့ သင်ကြားပေးသည်။

အဆိုပါခြင်းထိုးနည်း(အခမဲ့)သင်တန်းကို အောက်တိုဘာလ ၃ ရက်နှင့် ၄ ရက်တို့တွင် စာတွေ့လက်တွေ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)




# ထားဝယ်မြို့၌ ရိုးရာသပိတ်မျှောပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပမည်

ထားဝယ် အောက်တိုဘာ ၅

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ နှစ်စဉ်ကျင်းပလျက်ရှိသော ထားဝယ်ရိုးရာသပိတ်မျှောပွဲတော်ကို ထားဝယ်မြို့ တလိုင်းမရပ်ကမ်းနားလမ်း ပြည်သူ့အပန်းဖြေရင်ပြင်၌ အောက်တိုဘာလ ၆ ရက် (သီတင်းကျွတ်လပြည့်နေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ရှေးအစဉ်အလာအရ ထားဝယ်တိုင်းရင်းသားတို့သည် သီတင်းကျွတ်လပြည့်နေ့တွင် ထားဝယ်မြစ်ကမ်းတစ်လျှောက်၌ မြေသပိတ်များထဲတွင် ဆွမ်း၊ ဆီမီး၊ သစ်သီး စသည်တို့ထည့်ကာ ရှင်ဥပဂုတ္တမထေရ်မြတ်အား ဆွမ်းကပ်ဆုတောင်းပြီး ထားဝယ်မြစ်ထဲသို့ ရေမျှောကုသိုလ်ပြုကြခြင်းဖြစ်သည်။ ထို့ပြင် တာဝတိံသာနတ်ပြည်မှ မယ်တော်မိနတ်သားအား တရားဟောပြီး လူ့ပြည်သို့ပြန်ကြွတော်မူသော ဗုဒ္ဓဘုရားရှင်အား ကြိုဆိုပူဇော်သည့်အနေဖြင့် မီးပုံးပျံလွှတ်တင်ခြင်း၊ ဆီမီးများထွန်းညှိပူဇော်ခြင်းတို့ကို ပြုလုပ်လေ့ရှိသည်။ ယခုနှစ်တွင် ထားဝယ်မြို့သူ၊ မြို့သားများသည် ရပ်ကွက်၊ ကျေးရွာအလိုက် သပိတ်အိုးကြီးများကို အလှဆင်ကြပြီး မြို့အတွင်းသို့ အတီးအမှုတ်၊ အကများဖြင့် လှည့်လည်အပူဇော်ခံလျက်ရှိရာ ဒေသခံပြည်သူများက ငွေပဒေသာပင်များ ထည့်ဝင်လှူဒါန်းကြသည်။ သီတင်းကျွတ်လပြည့်နေ့မတိုင်မီ တစ်ရက်အလိုတွင် အသင့်ယူဆောင်လာသော သပိတ်အိုးကြီးများကို မီးပွင့်များနှင့်အတူ ထားဝယ်မြစ်အတွင်း သတ်မှတ်ထားသောနေရာများ၌ ရေမျှောကုသိုလ်ပြုကြမည်ဖြစ်သည်။

ယခုနှစ်တွင် ထားဝယ်ရိုးရာသပိတ်မျှောပွဲတော်ကို အစဉ်အလာမပျက်ကျင်းပမည်ဖြစ်ပြီး ပွဲတော်တွင် သပိတ်အလုံး ၁၀၀၀ ကုသိုလ်ပြုခြင်း၊ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ခြင်း၊ မီးပုံးပျံ ၅၀၀ လွှတ်တင်ပူဇော်ခြင်းများ ဆောင်ရွက်မည့်အပြင် ပွဲတော်သို့လာရောက်ကြည့်ရှုအားပေးသော ပြည်သူများအား စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ ထားဝယ်ရိုးရာတေးဂီတအကများဖြင့် သီဆိုဖျော်ဖြေခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ထို့ပြင် ပွဲတော်၌အလှဆင်ထားသည့် အလှသပိတ်အိုးကြီးပြိုင်ပွဲတွင် ဆုများ ချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

# အမြို့မြို့အနယ်နယ်၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားများကျင်းပ



စစ်ကိုင်းမြို့

တိုင်းဒေသကြီး(ပြန်/ဆက်)




စမ်းချောင်းမြို့နယ်

ဖွဲထက်ကို(ပြန်/ဆက်)




စစ်တွေမြို့

တင်ထွန်း(ပြန်/ဆက်)



လှိုင်ကော်မြို့

ပြည်နယ်(ပြန်/ဆက်)



ထားဝယ်မြို့

တိုင်းဒေသကြီး(ပြန်/ဆက်)



မော်လမြိုင်မြို့

စည်သူ(ပြန်/ဆက်)




ဘားအံမြို့

စောမျိုးမင်းသိန်း(ပြန်/ဆက်)



ကသာမြို့

ကျော်စွာ(ကသာ)




ဆီဆိုင်မြို့နယ်

မြို့နယ်(ပြန်/ဆက်)



ဒေါပုံမြို့နယ်

ချစ်စုဝေ(ပြန်/ဆက်)



ကျောက်တန်းမြို့နယ်

သန့်ဇင်ထွန်း



ရွှေတောင်မြို့နယ်

ကိုကိုမင်း(ပြန်/ဆက်)

# သစ်ကြားသီး၏ ဆေးဖက်ဝင်အကျိုးသက်ရောက်မှုများ



**သစ်ကြားသီးစားသုံးမှုပုံစံ**

သစ်ကြားသီးကို အလုံးလိုက်လှော်ပြီး အထဲမှ ဦးနှောက်ပုံစံရှိနေသည့် အစေ့အဆန်များကို ထုတ်ယူစားသုံးကြခြင်းဖြစ်သည်။ အနောက်နိုင်ငံများ၌ မုန့်ပဲသရေစာပြုလုပ်ရာတွင် ထည့်၍ အသုံးပြုကြသောကြောင့် အဖိုးတန်အစေ့အဆန်ဖြစ်ပြီး ထိုအစေ့အဆန်မှ ဆီလည်း ထုတ်ယူနိုင်သည်။ မြန်မာနိုင်ငံ၌ အစေ့အတိုင်းစားကြသည့်အပြင် မြန်မာ့ရိုးရာအစားအစာများဖြစ်သည့် မန္တလေးထိုးမုန့်၊ ရွှေချီ၊ ဆနွင်းမကင်း စသည့်မုန့်များတွင် ထည့်သွင်းအသုံးပြုကြသည်။ အညိုရောင်အခွံမာအောက်မှ အဆီပြည့်ပြီး ခပ်ဆိမ့်ဆိမ့်အရသာနှင့် စား၍အလွန်ကောင်းသောကြောင့် စားမိလျှင် ဆက်တိုက်စားချင်ကြသော်လည်း စားသုံးသူအရေအတွက်မှာ ပြောပလောက်အောင် မများသေးသည့် သစ်ကြားသီး၏ ကျန်းမာရေးအကျိုးကျေးဇူးများကို ဖော်ပြလိုက်ပါသည်။

**သွေးတွင်းကိုလက်စထရောကျဆင်းစေသောသစ်ကြားသီး**

သစ်ကြားသီးတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်း (Antioxidant)၊ ပိုလီဖီနောလ် (Polyphenol)၊ ဗီတာမင်- E တို့ပါဝင်သောကြောင့် သွေးတွင်းရှိ အကျိုးမပြုကိုလက်စထရောများကိုကျဆင်းစေပြီး အကျိုးပြု ကိုလက်စထရောပမာဏကို တိုးစေနိုင်သည်။

**ကိုယ်အလေးချိန်ကျစေသော သစ်ကြားသီး**

သစ်ကြားသီးတွင်ပါဝင်သည့် အမျှင်ဓာတ်များသည် အူတွင်း၌ အကျိုးပြုဗက်တီးရီးယားများကို ပေါက်ပွားစေသောကြောင့် ဝမ်းမှန်စေပြီး ကိုယ်အလေးချိန်ကိုထိန်းပေးသည်။

**အရွယ်မတိုင်မီ အိုမင်းရင့်ရော်မှုကို တားဆီးပေးသောသစ်ကြားသီး**

သစ်ကြားသီးတွင်ပါဝင်သည့် ဗီတာမင်နှင့် အာဟာရဓာတ်များသည် အသားအရေကြည်လင်နုပျိုစေသည့် အစွမ်းသတ္တိရှိသည်။ သစ်ကြားသီးတွင် တခြားအစေ့အဆန်များထက် Antioxidant ပါဝင်မှုပိုများသဖြင့် နေလောင်ဒဏ်နှင့် ပတ်ဝန်းကျင်အညစ်အကြေးများမှတစ်ဆင့် အသားအရေပျက်စီးမှုမဖြစ်အောင် ကာကွယ်ပေးနိုင်သောကြောင့် အရွယ်တင်နုပျိုစေသည်။ ထို့အတူ သစ်ကြားသီးတွင် ကြွယ်ဝစွာပါဝင်သည့် ဗီတာမင်- B ဓာတ်မှာ ကျန်းမာသည့် အရေပြားဆဲလ်အသစ်များထုတ်လုပ်နိုင်ရန် အထောက်အပံ့ဖြစ်စေသောကြောင့် အရွယ်မတိုင်မီအိုမင်းရင့်ရော်မှုကို တားဆီးပေးသည်။

**ဦးရေပြားကိုပိုမိုကျန်းမာစေပြီး ဆံပင်အုံထူလာစေသောသစ်ကြားသီး**

သစ်ကြားသီးစားပေးခြင်းဖြင့် ဦးရေပြားအတွင်းပိုင်းနှင့် မွေးညင်းပေါက်များကို အားဖြည့်ပေးနိုင်သည့်အဆီအနှစ်များရရှိစေသောကြောင့် ဗောက်ထပြီး ယားယံခြင်းနှင့် ဆံပင်ကျွတ်ခြင်း စသည့်ပြဿနာများကို ကာကွယ်နိုင်သည်။

**ကိုယ်အလေးချိန်ကိုထိန်းပေးသော သစ်ကြားသီး**

သစ်ကြားသီးတွင်ပါဝင်သော ကောင်းသည့်အဆီဓာတ်နှင့် အမျှင်ဓာတ်များသည် အစားအများကြီးမစားလိုဘဲ အဆာခံစေသည်။ သစ်ကြားသီးသုံးလုံးခန့်စားပြီးသည်နှင့် ထပ်မစားချင်အောင် ဗိုက်ပြည့်သွားတတ်သည်။ သစ်ကြားသီးတွင်ပါဝင်သည့် ကောင်းသောအဆီဓာတ်များသည် အစာခြေအားကိုကောင်းစေသည့်အပြင် တခြားမကောင်းသောအဆီများ ထပ်မကပ်နိုင်အောင် ကာကွယ်ပေးသောကြောင့် ကိုယ်အလေးချိန်ကို ထိန်းပေးခြင်းဖြစ်သည်။

**စိတ်ဖိစီးမှုကိုလျှော့ချပေးသော သစ်ကြားသီး**

သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးရုံမက သစ်ကြားသီးတွင်ပါဝင်သည့် မဂ္ဂနီဆီယမ်သည် အဆာခံစေပြီး ဗိုက်ဆာခြင်းကြောင့်ဖြစ်သည့် စိတ်ဖိစီးမှုများကို လျှော့ချပေးသည်။ စိတ်ဖိစီးမှုများလေ အစာစားချင်လေဖြစ်တတ်သည့်သဘောဖြစ်သည်။

**အစာခြေစနစ်ကိုကျန်းမာစေသော သစ်ကြားသီး**

သစ်ကြားသီးတွင် အစာခြေစနစ်တစ်လျှောက်၌ရှိသည့် အကျိုးပြုဗက်တီးရီးယားများကို အာဟာရဖြည့်ပေးနိုင်သည့် အာဟာရများပါဝင်သောကြောင့် ခန္ဓာကိုယ်နှင့်အစာခြေစနစ်ရှိ အကျိုးပြုဗက်တီးရီးယားများကိုပါ ကျန်းမာစေပြီး အစာခြေစနစ်ကို အကောင်းဆုံးအားဖြည့်ပေးသည်။

**သူငယ်ပြန်ရောဂါကိုသက်သာစေသောသစ်ကြားသီး**

သစ်ကြားသီးတွင်ပါဝင်သည့် Omega-3 Fatty Acid သည် ဦးနှောက်မှတ်ဉာဏ်ကောင်းမွန်စေရန် မရှိမဖြစ်လိုအပ်သည်။ လူ့ဦးနှောက်သည် အဆီဓာတ် ၆၀ ရာခိုင်နှုန်းကျော်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သောကြောင့် Omega- 3 Fatty Acid လိုအပ်သည်။ အဆိုပါဓာတ်နည်းလျှင် ဦးနှောက်စွမ်းဆောင်ရည်ကျဆင်းပြီး အာရုံစူးစိုက်နိုင်စွမ်းအားနည်းလာခြင်း၊ စိတ်ဓာတ်ကျလွယ်ခြင်း၊ အယ်လ်ဇိုင်းမား ခေါ် သူငယ်ပြန်ရောဂါ ဖြစ်ပွားနိုင်ခြေများလာခြင်းတို့ဖြစ်နိုင်သည်။ ထို့အတူ သစ်ကြားသီးတွင်ပါဝင်သည့် Omega - 6 Fatty Acid သည်လည်း ဦးနှောက်ကို တစ်စိတ်တစ်ပိုင်း အကျိုးပြုလျက်ရှိသည်။

**အာရုံကြောနှင့်အရိုးအဆစ်ရောင်ရမ်းနာကျင်မှုကိုသက်သာစေသော သစ်ကြားသီး**

သစ်ကြားသီးတွင်ပါဝင်သည့် Omega-6 Fatty Acid သည် အာရုံကြောနာကျင်ကိုက်ခဲမှုနှင့် အရိုးအဆစ်ရောင်ရမ်းနာကျင်မှုများကို လျော့ပါးသက်သာစေနိုင်သည်။ သွေးဖိအားကို လျော့နည်းစေပြီး နှလုံးရောဂါဖြစ်ပွားနိုင်ခြေကိုလည်း လျော့နည်းစေကာ အရိုးများ၏ကြံ့ခိုင်မှုကို ပိုကောင်းစေသည်။

**ရောင်ရမ်းမှုကိုလျော့ကျစေသော သစ်ကြားသီး**

သစ်ကြားသီးတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများကြွယ်ဝသောကြောင့် ခန္ဓာကိုယ်တွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများကြောင့်ဖြစ်တတ်သည့် ရောင်ရမ်းမှုများကိုသက်သာစေသည်။ ထို့ပြင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများကြောင့် အမျိုးအစား (၂)ဆီးချို၊ သွေးတိုးရောဂါနှင့် နှလုံးရောဂါများမဖြစ်စေရန် ကာကွယ်ပေးသည်။

**ဇီဝကမ္မဖြစ်စဉ်များကို မြှင့်တင်ပေးသော သစ်ကြားသီး**

သစ်ကြားသီးသည် သွေးတွင်းမှ ကောင်းသည့်အဆီများဖြစ်သည့် High-Density Lipoprotein (HDL) များကိုတိုးမြှင့်ပေးပြီး ဇီဝကမ္မဖြစ်စဉ်ကို မြှင့်တင်ပေးသည်။ ဤကဲ့သို့ ဇီဝကမ္မဖြစ်စဉ်မြင့်တက်လာသောကြောင့် ကယ်လိုရီများ ပိုမိုလောင်ကျွမ်းပြီး ခန္ဓာကိုယ်မှ အဆီပိုများ တဖြည်းဖြည်းလျော့နည်းလာသောကြောင့် သစ်ကြားသီးသည် ကိုယ်အလေးချိန်ကိုလျော့ကျစေသည့် အစေ့အဆန်တစ်မျိုးဖြစ်သည်။

**ကိုယ်အလေးချိန်နှင့်ဆက်စပ်မှုရှိနေသည့် သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးသောသစ်ကြားသီး**

သစ်ကြားသီးတွင်ပါဝင်သည့် ပရိုတင်း၊ ကျန်းမာသည့်အဆီများနှင့် မဂ္ဂနီဆီယမ်ဓာတ်က သွေးတွင်းသကြားဓာတ်ပမာဏကို ထိန်းညှိပေးသည်။ သွေးတွင်းသကြားဓာတ်များခြင်းသည် ကိုယ်အလေးချိန်တက်ခြင်းနှင့် ဆက်စပ်နေတတ်ပြီး သွေးတွင်းသကြားဓာတ်နည်းလျှင် အဆီများစုလာခြင်းကို လျှော့ချပေးမည်ဖြစ်သည်။

**ဆီးချိုကိုကာကွယ်ပေးသော သစ်ကြားသီး**

သစ်ကြားသီးသည် အမျိုးအစား(၂) ဆီးချိုရောဂါကို ကာကွယ်ပေးနိုင်သည်။ သစ်ကြားသီးကို နေ့စဉ် စားပေးခြင်းဖြင့် အမျိုးအစား(၂) ဆီးချိုရောဂါဖြစ်နိုင်ခြေကို ၄၇ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်သည်။ ဆီးချိုရောဂါခံစားနေရသူများ အနေဖြင့်လည်း သစ်ကြားသီးစားသုံးပေးမည်ဆိုပါက ဆီးချိုကြောင့်ဖြစ်လာနိုင်သည့် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများကို ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

**"သစ်ကြားသီးသည် အမျိုးအစား(၂)ဆီးချိုရောဂါကို ကာကွယ်ပေးနိုင်သည်။ သစ်ကြားသီးကို နေ့စဉ် စားပေးခြင်းဖြင့် အမျိုးအစား(၂) ဆီးချိုရောဂါဖြစ်နိုင်ခြေကို ၄၇ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်သည်..."**

**ကင်ဆာဖြစ်နိုင်ခြေကို လျှော့ချပေးသောသစ်ကြားသီး**

သစ်ကြားသီးတွင် Polyphenol Ellagitannins ကြွယ်ဝစွာပါဝင်မှုကြောင့် ရင်သားကင်ဆာ၊ ဆီးကျိတ်ကင်ဆာနှင့် အူမကြီးကင်ဆာဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည်။ သစ်ကြားသီးစားသုံးပေးခြင်းဖြင့် ဟော်မုန်းကြောင့်ဖြစ်တတ်သည့်ကင်ဆာများကို ကာကွယ်ရာရောက်သည်။

**အဆီများလောင်ကျွမ်းရန် အားပေးသောသစ်ကြားသီး**

သစ်ကြားသီးတွင်ပါဝင်သည့် Omega-3 Fatty Acid က အဆီလောင်ကျွမ်းခြင်းကိုအားပေးသည့်အတွက် ကိုယ်တွင်း၌စုနေသည့်အဆီများကို ချေဖျက်ပေးနိုင်သည်။

**နှလုံးကျန်းမာစေသောသစ်ကြားသီး**

သစ်ကြားသီးတွင် Alpha-Linolenic Acid (ALA) ဟုခေါ်သော အပင်မှရသည့် Omega-6 Fatty Acid တစ်မျိုးပါဝင်သောကြောင့် သွေးကြောများကိုကျန်းမာစေပြီး နှလုံးသို့သွေးစီးဆင်းရောက်ရှိမှု ကောင်းစေသောကြောင့် နှလုံးကျန်းမာစေသည်။ သစ်ကြားသီးစားသုံးပေးခြင်းဖြင့် နှလုံးရောဂါကြောင့်သေဆုံးနိုင်ခြေကို ၁၀ ရာခိုင်နှုန်းခန့် လျှော့ချပေးနိုင်ကြောင်း လေ့လာမှုများအရ သိရသည်။

**သွေးတိုးကျစေသောသစ်ကြားသီး**

သစ်ကြားသီးတွင် အကျိုးပြုအဆီများပါဝင်သည့်အတွက် နှလုံးကျန်းမာရေးကို အကျိုးပြုကြောင်း သိထားပြီးဖြစ်သည်။ နှလုံးသွေးကြောရောဂါ ဖြစ်နိုင်ခြေရှိသူများသည် အဆီနည်းသည့် စားသောက်မှုပုံစံနှင့်စားသောက်ပြီး သစ်ကြားသီးကို တွဲဖက်စားသုံးမည်ဆိုပါက သွေးတိုးကျစေနိုင်သည်ဟုဆိုကြသည်။ ပြည့်ဝဆီကိုရှောင်ပြီး သစ်ကြားသီးမှဖြစ်စေ၊ ဟင်းသီးဟင်းရွက်များမှဖြစ်စေ ရရှိသည့် မပြည့်ဝဆီနှင့် အစားထိုးခြင်းဖြင့် နှလုံးသွေးကြောနှင့်ပတ်သက်သည့် အကျိုးကျေးဇူးများရရှိစေနိုင်သည်ဟု သုတေသီများကဆိုကြသည်။ သစ်ကြားသီးတွင်ပါဝင်သော အကျိုးပြုအဆီဓာတ်ထက်ပိုသည့် အမျှင်ဓာတ်ကဲ့သို့ ဇီဝဒြပ်ပေါင်းများကြောင့် သစ်ကြားသီးစားခြင်းဖြင့် အကျိုးပိုများခြင်းဖြစ်နိုင်သည်ဟုဆိုသည်။ သစ်ကြားသီးတွင် Alpha-Linolenic Acid (ALA) ဟုခေါ်သည့် အပင်ထွက် Omega- 3 Fatty Acid ပါဝင်သည့်အတွက် သွေးဖိအားအပေါ် အကျိုးသက်ရောက်မှုရှိစေသည်ဟု သုတေသီများက ယုံကြည်ထားသည်။

**သစ်ကြားသီးအနှစ်ချုပ်**

သစ်ကြားသီးကို ယခုနောက်ပိုင်းတွင် စားသုံးမှုများလာကြပြီး ဈေးများ၌ ဝယ်ယူရရှိနိုင်သကဲ့သို့ အွန်လိုင်းမှလည်း မှာယူစားသုံးနိုင်သည်။ သစ်ကြားသီး၏ ကျန်းမာရေးအာနိသင်များကိုသိ၍ မဟုတ်ဘဲ လူကြီးများနှင့်ကလေးများအတွက် သရေစာအဖြစ် စားကြခြင်းဖြစ်သည်။ သစ်ကြားသီးတွင် သတ္တုဓာတ်များလည်းပါဝင်သောကြောင့် ကိုယ်အလေးချိန်ကျလိုသူများအတွက် အမှန်တကယ်အားထားရသည့် အစေ့အဆန်တစ်မျိုးဖြစ်သည်။ ထို့ပြင် ကိုယ်တွင်းရောင်ရမ်းခြင်းများကိုလည်း လျှော့ချပေးပြီး ရင်သားကင်ဆာ၊ ဆီးကျိတ်ကင်ဆာနှင့် အူမကြီးကင်ဆာကဲ့သို့ ကင်ဆာရောဂါများကိုလည်း ကာကွယ်ပေးသည့်အပြင် နှလုံး၊ သွေးတိုးနှင့်ဆီးချိုရောဂါမဖြစ်အောင်လည်း ထိန်းညှိပေးနိုင်သည်။ သစ်ကြားသီး ၁၂ လုံးမှ ၁၄ လုံးခန့်တွင် ကယ်လိုရီ ၁၉၀ ခန့်ပါဝင်သော်လည်း သစ်ကြားသီးထဲတွင်ပါဝင်သည့် အဆီဓာတ်များသည် ကိုယ်အလေးချိန်တက်စေခြင်း၊ ကျန်းမာရေးအတွက် ဆိုးကျိုးဖြစ်စေခြင်းမရှိကြောင်း သိရသည်။ ဤကဲ့သို့ အကျိုးပြုဓာတ်များ စုံလင်စွာပါဝင်သည့် သစ်ကြားသီးကို နေ့စဉ်စားသုံးပေးခြင်းဖြင့် အသားအရေလှပစိုပြည်စေခြင်း၊ ကိုယ်အလေးချိန်ကျခြင်း၊ သွေးတွင်းအဆီဓာတ်ကျခြင်းနှင့် နှလုံးကိုကျန်းမာစေသည့်အပြင် ကင်ဆာရောဂါတချို့ကိုလည်း ကာကွယ်ပေးနိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ဒေါက်တာလပြည့်ခင်**

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ ဝင်ခွင့်လျှောက်ထားနိုင်

**ရန်ကုန် အောက်တိုဘာ ၅**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)တို့၏ ၁၃၈၇-၁၃၈၈(၂၀၂၅-၂၀၂၆) ပညာသင်နှစ်အတွက် သာသနတက္ကသီလ ဓမ္မာစရိယတန်း(ပထမနှစ်)သို့ တက်ရောက်လိုပါက အစိုးရပထမကြီး တန်း၊ စေတိယင်္ဂဏစာသင်တန်း၊ သကျသီဟစာသင်တန်း တစ်ခုခု အောင်မြင်ပြီး သက်တော် (၃၀)နှစ်၊ သိက္ခာ(၁၀)ဝါအောက်ရှိသည့် ရဟန်း/သာမဏေများ ဝင်ခွင့်လျှောက်ထားနိုင်ပြီး သာသနတက္ကသီလ မဟာဓမ္မာစရိယတန်း(ပထမနှစ်)သို့ တက်ရောက်လိုပါက သာသန တက္ကသီလဓမ္မာစရိယဘွဲ့၊ သာသနဓဇဓမ္မာစရိယဘွဲ့၊ သကျသီဟဓမ္မာ စရိယဘွဲ့နှင့် စေတိယင်္ဂဏဓမ္မာစရိယဘွဲ့တစ်ခုခုရရှိပြီး သက်တော် (၃၅)နှစ်၊ သိက္ခာ(၁၅)ဝါအောက်ရှိသည့် ရဟန်း/သာမဏေများ ဝင်ခွင့်လျှောက်ထားနိုင်သည်။

**ဖြေဆိုကြရမည်**

သာသနတက္ကသီလဓမ္မာစရိယတန်း(ပထမနှစ်) ဝင်ခွင့်လျှောက်ထားသော ရဟန်း/သာမဏေများသည် အစိုးရပထမကြီးတန်းနှင့် ညီမျှသော ဝိနည်းဆိုင်ရာ(၅)ပုစ္ဆာ၊ အဘိဓမ္မာဆိုင်ရာ(၅)ပုစ္ဆာ မေးခွန်းလွှာတစ်ခုနှင့် ပါဠိဆိုင်ရာ(၅)ပုစ္ဆာ၊ အထွေထွေဗဟုသုတ(၅) ပုစ္ဆာ မေးခွန်းလွှာတစ်ခု၊ စုစုပေါင်းမေးခွန်းလွှာနှစ်ခုကို နှစ်ရက်ဖြေဆို ရမည်ဖြစ်သည်။

သာသနတက္ကသီလမဟာဓမ္မာစရိယတန်း(ပထမနှစ်) ဝင်ခွင့်လျှောက်ထားသော ရဟန်း/သာမဏေများသည် သာသနတက္ကသီလဓမ္မာစရိယ တန်း(စတုတ္ထနှစ်)နှင့်ညီမျှသော ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာကို ပထမ နေ့တွင် (က) အတ္ထယောဇနာ၊ (ခ) ဝါကျသဒ္ဒါ၊ (ဂ) အဓိပ္ပာယတ္ထ၊ (ဃ) ခေတ်လေ့လာနည်းအားဖြင့် (၁၀)ပုစ္ဆာဖြေဆိုရမည်။ ဒုတိယနေ့တွင် ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်၊ ပြန်ပွားဘာသာအားဖြင့် (၁၀)ပုစ္ဆာ ဖြေဆို ရမည်ဖြစ်သည်။

**ဆက်သွယ်စုံစမ်းနိုင်**

သာသနာ့တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့မှ (အစိုးရရုံးပိတ်ရက်များမှအပ) စတင်ထုတ်ပေး သွားမည်ဖြစ်ရာ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် (သောကြာနေ့) နောက်ဆုံးထား၍ သက်ဆိုင်ရာတက္ကသိုလ်များ၏ မော်ကွန်းထိန်းရုံးတို့၌ တင်သွင်းနိုင်ပြီး အသေးစိတ်သိရှိလိုသောအချက်များကို နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်းရုံး (ဖုန်း ၀၉-၅၄၀၀၈၂၈၊ ၀၉-၄၂၅၀၀၈၇၂၈)နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) မော်ကွန်းထိန်းရုံး (ဖုန်း ၀၉-၂၀၃၅၅၇၂၊ ၀၉-၂၅၀၂၃၀၇၉၁) တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွား ရေးဦးစီးဌာနမှ သတင်းရရှိသည်။

မြဝတီ

# သံဃဒါနဆွမ်းလောင်းအသင်း၏ အရုဏ်ဆွမ်းလောင်းလှူပွဲကျင်းပ



**ပင်းတယ အောက်တိုဘာ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယ မြို့နယ်ဓမ္မာရုံကြီး၏ ဆွမ်းလောင်းလှူရန်ဌာန၌ အောက်တိုဘာလ ၅ ရက် နံနက်ပိုင်းတွင် မြို့ပေါ်ဘုန်းတော်ကြီးကျောင်းတိုက် ၂၂ ကျောင်းမှ သံဃာတော် အပါး ၃၈၈ ပါးနှင့် သီလရှင်၅၃ ပါးတို့အား အရုဏ်ဆွမ်းလောင်းလှူ ပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပ သည်။

အဆိုပါ သံဃာတော်များအား ဆွမ်းတော်၊ ဆွမ်းဟင်းတော်များ လောင်းလှူနိုင်ရန် မြို့နယ် ဝါတွင်းကာလအဖိတ်နေ့ သံဃဒါနဆွမ်း လောင်းအသင်း၏ ဆဋ္ဌမအကြိမ်မြောက် အလှူတော်ကို ဦးဆောင်ပေးကြသည့် အသင်း ဥက္ကဋ္ဌဦးကျော်သူရနှင့် အသင်းဝင်များက ဝေယျာဝစ္စပြု၍ ဆောင်ရွက်ပေးမှုများဖြင့် ဆွမ်းအလှူရှင် ပင်းတယမြို့ ဆင်ခေါင်း ရပ်ကွက်ရှိ အလှူရှင်မိသားစုတို့မှ လှူဒါန်း ပေးသော အရုဏ်ဆွမ်းတော်နှင့် ဆွမ်းဟင်းများ ဖြင့် မြို့ပေါ်ကျောင်းတိုက် အသီးသီးမှ ကြွရောက်တော်မူလာကြကုန်သော ဆရာ တော်၊ သံဃာတော် ရဟန်းရှင်သာမဏေများ နှင့် သီလရှင်ကျောင်းမှ သီလရှင်များအား ဆဋ္ဌမအကြိမ်မြောက် အရုဏ်ဆွမ်းတော် လောင်းလှူပူဇော်ပွဲကြီးအဖြစ်လှူဒါန်းကုသိုလ်ယူ လောင်းလှူကြကြောင်း သိရသည်။ (၄၀၅)

# သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူများအား နည်းပညာပေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၅**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိ မြို့နယ် မောင်းရမ်းကျေးရွာ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ၌ သီးနှံများပန်းတိုင် အထွက်နှုန်းရရှိရေး တောင်သူများအား နည်းပညာပေးဆွေးနွေးပွဲကို အောက်တိုဘာလ ၄ ရက်တွင် ဆောင်ရွက်ကြသည်။




အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်နှင့် မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးအောင်သူတို့က တောင်သူများအား စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေး၊ စိုက်ပျိုးသီးနှံများပန်းတိုင်အထွက် နှုန်းရရှိရေး၊ သီးနှံစိုက်စွမ်းအားတိုးတက်ရေး၊ သီးနှံထွက်ကုန်များ ပိုးသတ်ဆေးခတ်ကြွင်း ကင်းစင်ရေး၊ ပိုးသတ်ဆေးအစားထိုး သဘာဝ ပိုးသတ်ဆေးများသုံးစွဲရေးနှင့် စိုက်ပျိုးရေများ ကိုအလေအလွင့်မရှိ အကျိုးရှိစွာသုံးစွဲရေး တို့ကို နည်းပညာပေးဆွေးနွေးကြသည်။

ထို့နောက်ဆွေးနွေးပွဲသို့ တက်ရောက် လာသော တောင်သူများက သိရှိလိုသည် များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည် ဖြေကြားပေးကြောင်းသိရသည်။

(၄၁၃)

## မင်္ဂလာဝါကျွတ်ပွဲ

❖ သုံးလူ့ရှင် မြတ်ဗုဒ္ဓ
မြန်းချီကြွ “တာဝတိံသာ”။
မွေးမယ်တော် ကျေးဇူးမြတ်
ပြန်ဆပ်ဖို့ရာ။
ဝါတွင်းချိန် သုံးလကြာ
“အဘိဓမ္မာ” ဟောညွှန်ပြ။
“သင်္ကဿနဂိုရ်ပြည်”တဲ့
လူတို့ဆီ သာသည့်နန်းကို
လှမ်းပြန်လည်ကြွ။

❖ နတ်ဗြဟ္မာ ခြံရံဝန်း
စောင်းတန်းက သုံးလီ။
အလယ်ခေါင် ပတ္တမြားက
ဘုရားကြွချီ။
ဆီမီးပန်း နံ့သာဆီ
ပူဇော်သည် လူအများ။
သုံးလူ့နတ် ဘုန်းမော်ကို
ကော်ရော်ကာ ပျပ်ဝပ်လို့
မြတ်သဒ္ဓါပွား။

❖ ကျေးဇူးကို သိတတ်ဖို့
ထူးမြတ်တဲ့ တူရာသီ။
စန်းယှဉ်ကာ ဝင်းထိန်စွ
အသဝနီ။
ထက်ဝေယံ တိမ်စွန်းမှာလ
ထွန်းပတဲ့ ပုဏ္ဏမီ
ဘော်ငွေရည် ဖြူဆွတ်။
ကြာငါးမည် ထုံသင်းတဲ့
လ“သီတင်းကျွတ်”။

❖ ကျေးဇူးရှင် မိနှင့်ဖ
အာစရိယမြတ်ဆရာ။
သက်ဂုဏ်ဝါ ကြီးသူများ
ဝပ်တွားပူဇော်။
အပြစ်ရှိ ကျေဖို့ရာ
ဝန်ချကာ မာန်နှိမ်လျှော့။
ပန်းကြာငုံ ထိပ်မှာမိုး
ရှိခိုးကန်တော့။

❖ မြန်မာတို့ စဉ်အလာ
မင်္ဂလာ ဝါကျွတ်ပွဲ။
အလှမညှိုးပါဘု
မြန်မာ့ရိုးရာ ယဉ်ဓလေ့နဲ့
ပျော်မွေ့ဆင်နွှဲ။ ။

မောင်ယုလွင်(သပြေ)

# မြန်မာ-ဘယ်လာရုစ် တေးဂီတပူးပေါင်းဖျော်ဖြေပွဲ မန္တလေးမြို့ မြို့တော်ခန်းမ၌ကျင်းပ

မန္တလေး အောက်တိုဘာ ၅

မြန်မာ-ဘယ်လာရုစ် တေးဂီတပူးပေါင်း ဖျော်ဖြေပွဲကို ယနေ့ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။



အဆိုပါဖျော်ဖြေပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများ၊ မြန်မာ - ရုရှား ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr.Alexander Ostrovskiy နှင့် တာဝန်ရှိသူများ၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များနှင့် အနုပညာဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေပွဲတွင် ဘယ်လာရုစ် တေးဂီတပညာရှင်နှင့်တေးရေး/တေးဆို Mr. Vladimir Sukolinsky ဦးဆောင်၍ အဆိုရှင်များဖြစ်ကြသည့် Ms.Nadezhda Bryleva နှင့် Ms. Anzhelika Zaitseva တို့က ဘယ်လာရုစ်နိုင်ငံ၏ ရိုးရာတေးသီချင်းများ၊ ကာလပေါ်သီချင်းများနှင့် မြန်မာနိုင်ငံအကြောင်း ရေးဖွဲ့စပ်ဆိုထားသည့် တေးသီချင်းများဖြင့် ဦးစွာသီဆိုဖျော်ဖြေကြသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ အနုပညာရှင်များက မြန်မာ့ယဉ်ကျေးမှု အဆို၊ အကများဖြင့် သီဆိုဖျော်ဖြေကြသည်။

အဆိုပါ ဘယ်လာရုစ်တေးဂီတအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ မြန်မာ - ရုရှား ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr.Alexander Ostrovskiy နှင့် MRTV မှ တာဝန်ရှိသူများ ကြိုဆိုခဲ့ကြပြီး မြန်မာနိုင်ငံတွင် ရောက်ရှိစဉ် မန္တလေး၊ ပြင်ဦးလွင်၊ ရန်ကုန်နှင့် နေပြည်တော်တို့၌ လှည့်လည်ဖျော်ဖြေကြမည်ဖြစ်ပြီး နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် မြန်မာ-ရုရှား-ဘယ်လာရုစ်(၃)နိုင်ငံ အဆို၊ အကများပူးပေါင်းပြီးလည်း ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

မြန်မာနှင့် ဘယ်လာရုစ် နှစ်နိုင်ငံတို့သည် အစိုးရချင်း ချစ်ခင်ရင်းနှီးမှုတည်ဆောက်ခြင်းအပြင် နှစ်နိုင်ငံပြည်သူများ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရန်အတွက် ယခုကဲ့သို့ ယဉ်ကျေးမှုအနုပညာပူးပေါင်း၍ ဖျော်ဖြေတင်ဆက်ခြင်း အစီအစဉ်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်းတို့က ပူးပေါင်းစီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

မြဝတီ

# မန္တလေးတက္ကသိုလ် နှစ် (၁၀၀)ပြည့် အထိမ်းအမှတ် "ဂီတဆည်းဆာ" ပဒေသာကပွဲ ဖျော်ဖြေပွဲကို တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၅

မန္တလေးတက္ကသိုလ် နှစ် (၁၀၀)ပြည့် အထိမ်းအမှတ် "ဂီတဆည်းဆာ" ပဒေသာကပွဲဖျော်ဖြေပွဲကို အောက်တိုဘာလ ၆ ရက်**(ယနေ့)** ညနေ ၄ နာရီမှ ည ၉ နာရီအထိ မန္တလေးတက္ကသိုလ်ဝင်းအတွင်း၌ မန္တလေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူများစုပေါင်း၍ အဆို၊ အက၊ တေးဂီတတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါဖျော်ဖြေပွဲကို ယင်းနေ့ ည ၆ နာရီမှ ၉ နာရီအထိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV Farmers' Channel နှင့် MRTV Entertainment Channel တို့မှတိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် သပြေရေဒီယို၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM၊ Star FM၊ MRTV App၊ မြန်မာ့အသံ Radio App အပါအဝင် Online တို့မှလည်း တိုက်ရိုက် (Live) ထုတ်လွှင့်မည်ဖြစ်သည်။ မြဝတီ

# ပခုက္ကူမြို့၌ မြန်မာ့ရိုးရာ ခြင်းခတ်အားကစား ယဉ်ကျေးမှု တိမ်ကောပပျောက်မှုမရှိစေရေး ခြင်းလုံးအလှခတ်ပွဲကျင်းပ

ပခုက္ကူ အောက်တိုဘာ ၅

မြန်မာ့ရိုးရာ ခြင်းခတ်အားကစား ယဉ်ကျေးမှု တိမ်ကောပပျောက်မှုမရှိစေရေးနှင့် မျိုးဆက်သစ်လူငယ်များ လက်ဆင့်ကမ်းထိန်းသိမ်းနိုင်စေရေး ရည်ရွယ်၍ သီတင်းကျွတ်မီးထွန်းပွဲတော် အထိမ်းအမှတ်အဖြစ် ခြင်းလုံးအလှခတ်ပွဲကို အောက်တိုဘာလ ၄ ရက်က မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရှိ ရှေးဟောင်းသမိုင်းဝင် သီဟိုဠ်ရှင်မြတ်စွာဘုရားကြီးဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး၏ ဘဏ္ဍာထိန်းဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးစိုးမြင့်က ခြင်းလုံးအလှခတ်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပခုက္ကူမြို့နယ် ခြင်းလုံးအားကစား ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးဘိုမြင့်က ခြင်းလုံးအလှခတ်ပွဲစည်းမျဉ်းစည်းကမ်းများနှင့် ပွဲအစီအစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခြင်းလုံးအလှခတ်ပွဲတွင်ပါဝင်မည့် အားကစားအသင်းအလိုက် မဲနှိုက်ကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုခြင်းလုံးအလှခတ်ကစားနည်းများဖြစ်သော ဒူး၊ ခြေဖျား၊ ခြေဖမိုး၊ ခြေဖဝါး၊ ခြေဖနောင့်၊ ခြေခွင်၊ ခြေစောင်း၊ ပခုံး၊ ခေါင်း၊ ကျောကုန်း၊ တံတောင်၊ ရိုးရိုးဒူး၊ နှစ်ထပ်ဒူး၊ ဝိုက်ဒူး၊ မဟာဒူး၊ စလွယ်ခြင်း၊ ဝိုက်ခြင်း၊ ရုပ်ခြေထိုးခြင်း စသည့်အမှတ်အသားများဖြင့် အဖွဲ့လိုက် ခြင်းလုံးအလှခတ်ကစားကြသည်။

အဆိုပါခြင်းလုံးအလှခတ်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ခြင်းလုံးအလှခတ်ကစားသမားများ ပါဝင်သည့်အပြင် ပခုက္ကူမြို့နယ်မှ ခြင်းလုံးအလှခတ်ကစားသမားခြောက်ဦးစီ ပါဝင်သောအားကစားအဖွဲ့ ၁၂ ဖွဲ့ ပါဝင်ကြောင်း၊ ပွဲစဉ်များကို သီတင်းကျွတ်လဆန်း ၁၃ ရက်နှင့် ၁၄ ရက်တို့တွင်ကျင်းပလျက်ရှိပြီး မြန်မာ့ရိုးရာခြင်းခတ်အားကစားယဉ်ကျေးမှု တိမ်ကောပပျောက်မှုမရှိစေရေးနှင့် မြန်မာ့ရိုးရာဝိုင်းခြင်း သို့မဟုတ် ခြင်းလုံးအလှခတ်ကစားခြင်းကို မျိုးဆက်သစ်လူငယ်များအနေဖြင့် လက်ဆင့်ကမ်းထိန်းသိမ်းနိုင်ရေး ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**

# စလင်းမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သည့် မိုးနှမ်းများ ရိတ်သိမ်းပြီးစီးပြီဖြစ်

**စလင်း အောက်တိုဘာ ၅**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးအတွက် ဒေသအလိုက် အထူးဇုန်ဧရိယာများ စိစစ်သတ်မှတ်၍ အလေးထားဆောင်ရွက်လျက်ရှိရာ ဆီထွက်သီးနှံအထူးဇုန်ဧရိယာ၌ မိုးနှမ်းစိုက်ဧကများ ရိတ်သိမ်းပြီးဖြစ်ကြောင်း စလင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံကို ပြီးခဲ့သည့်နှစ်ကထက် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ပြီး သီးနှံအလိုက် စိုက်ပျိုးမှုပုံစံအရ ပြောင်းလဲစိုက်ပျိုးမှုများလည်းရှိကြောင်း၊ မိုးနှမ်းများကို စက်တင်ဘာလအတွင်းက တစ်မြို့နယ်လုံး ရိတ်သိမ်းပြီးဖြစ်ကာ အထွက်နှုန်းအားဖြင့် ပျမ်းမျှ တစ်ဧကလျှင် ၁၂ ဒသမ ၂၃ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

"နွေနှမ်းမရိတ်သိမ်းမီမှာ မိုးရွာသွန်းမှုတွေကြောင့် ကျွန်တော်တို့ကျေးရွာအုပ်စုတွေမှာ နွေနှမ်းတွေ တော်တော်လေး ပျက်စီးခဲ့ရပါတယ်။ အခု မိုးနှမ်းမှာတော့ တောင်သူတွေအားလုံးနီးပါး အထွက်နှုန်းမဆိုးပါဘူး။ လယ်မြေမှာ မိုးစပါးမစိုက်မီ စိုက်ကြတဲ့ နှမ်းစိုက်တောင်သူတွေက ပိုပြီးရကြပါတယ်" ဟု စလင်းမြို့နယ် ရှမ်းစုကျေးရွာမှ ဒေသခံတောင်သူ ဦးသန်းဌေးအောင်ကပြောသည်။

စလင်းမြို့နယ်၌ ပြီးခဲ့သည့်နှစ်မိုးသီးနှံစိုက်ပျိုးရာသီက ဆီထွက်သီးနှံအဖြစ် မိုးမြေပဲ ၂၀၉၄၇ ဧက၊ မိုးနှမ်း ၆၇၈၆ ဧကနှင့် မိုးနေကြာ ၄၇၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံအဖြစ် မိုးမြေပဲ ၂၁၉၄၇ ဧက၊ မိုးနှမ်း ၇၀၂၁ ဧကနှင့် မိုးနေကြာ ၅၈၇ ဧက စိုက်ပျိုးနိုင်ခဲ့ရာ နှစ်အလိုက် တိုးတက်မှုရှိအောင် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်းသိရသည်။

**မောင်မောင်(မင်းဘူး)**

# ကျွန်းစုမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သော မိုးစပါးစံကွက်များရိတ်သိမ်း

**ကျွန်းစု အောက်တိုဘာ ၅**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် မောင်းလှော်ကျေးရွာရှိ ကွင်းအမှတ် (၃၀၈/၆၉၀) ဦးပိုင်အမှတ် (၁၆၀) တောင်သူဦးဝင်းနိုင်၏ လယ်ယာမြေ၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သော မိုးစပါး ၇ ဧကကို အောက်တိုဘာလ ၄ ရက်က စံကွက်ရိတ်သိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စန်းဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမိုးအောင်နှင့် တာဝန်ရှိသူများက မိုးစပါး (ဆင်းသုခ) စံကွက်ရိတ်သိမ်းနေမှုများနှင့် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများအား ကြည့်ရှုကြသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းမှုတွင် တစ်ဧကလျှင် စပါးအစို ၁၁၇ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

ကျွန်းစုမြို့နယ်၌ ယခုနှစ် မိုးစပါး စိုက်ပျိုးရာသီတွင် မိုးစပါး ၁၃၀၁၉ ဧက စိုက်ပျိုးထားရာ တစ်ဧကအထွက်နှုန်း မှန်ကန်စွာရရှိနိုင်ရေး ကောင်း၊ သင့်၊ ညံ့ ကိုယ်စားပြုအလွှာလိုက် ခွဲခြားပြုစု၍ ကွင်းအလိုက်၊ မျိုးကွဲအလိုက်၊ ရေသောက်နည်းလမ်းအလိုက် အဆိုပါကျေးရွာရှိ စံကွက်များကို ရိတ်သိမ်းမည်ဖြစ်ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

**❖ ကျောဖုံးမှအဆက်**


ကျောဖုံးမှအဆက်

အဆိုပါပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၇ ရက် နံနက် ၉ နာရီတွင် MICC-I ၌ ကျင်းပမည်ဖြစ်ရာ ထိုသို့ကျင်းပပုံများကို နံနက် ၈ နာရီ ၄၅ မိနစ်မှ စတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MRTV-Entertainment၊ MRTV-Parliament၊ MRTV-NRC၊ ရုပ်သံလိုင်းများဖြစ်သော Channel 9၊ Up to Date နှင့် Readers' Channel တို့အပြင် ရုပ်သံလိုင်းများဖြစ်ကြသော MWD-HD Channel၊ MWD Variety-HD Channel တို့မှလည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV APP: အပါအဝင် MRTV Online Platform တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM ၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM၊ မြန်မာ့အသံ Radio App တို့မှလည်း တိုက်ရိုက် (Live)ထုတ်လွှင့်မည်ဖြစ်သည်။

မြဝတီ

# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်များ နေပြည်တော်သို့ ဆက်လက်ရောက်ရှိ







နေပြည်တော် အောက်တိုဘာ ၅

၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်များသည် နေပြည်တော်သို့ ဆက်လက်ရောက်ရှိကြရာ ယနေ့တွင် ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူများ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်များ ရောက်ရှိကြသည်။

"ဒီနှစ်မှာ ပဲခူးတိုင်းဒေသကြီးကိုယ်စားပြုအနေနဲ့ ပြိုင်ပွဲဝင် ၁၂၃ ဦးနဲ့ ဘာသာရပ် ၆၃ ခုမှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ အရင်နှစ်ကတော့ အတီးဘာသာရပ်ပြိုင်ပွဲတွေမှာ ရွှေတံဆိပ်ဆုတွေရရှိခဲ့တယ်။ အခုနှစ်လည်း ရွှေတံဆိပ်ဆုတွေ အများကြီး ရရှိမယ်လို့ မျှော်မှန်းထားပါတယ်။ ပဲခူးတိုင်းဒေသကြီးက တာဝန်ရှိသူတွေကလည်း ထောက်ပံ့ကူညီမှုတွေ လိုအပ်ချက်မရှိအောင် စီမံဆောင်ရွက်ပေးတဲ့အတွက် ပြိုင်ပွဲဝင်ကလေးတွေက အားကြိုးမာန်တက် ကြိုးကြိုးစားစားနဲ့ စနစ်တကျ ကြိုတင်ပြင်ဆင်လေ့ကျင့်ခဲ့ပါတယ်"ဟု ပဲခူးတိုင်းဒေသကြီးမှ အုပ်ချုပ်သူ ဒေါ်နီနီဝင်းသန်းက ပြောသည်။

ထိုသို့ ရောက်ရှိလာသည့် ပြိုင်ပွဲဝင်အသင်းများကို တာဝန်ရှိသူများက နွေးထွေးပျူငှာစွာ ကြိုဆိုနှုတ်ဆက်ကြပြီး ခေတ္တတည်းခိုနေထိုင်ကြမည့်သတ်မှတ်ထားသည့် တည်းခိုဆောင်များတွင် နေရာချထားပေးကာ နေထိုင်စားသောက်ရေး အဆင်ပြေစေရန် စီမံဆောင်ရွက်ပေးကြသည်။

အလားတူ ပြိုင်ပွဲယှဉ်ပြိုင်ရန် ရောက်ရှိနေသည့် ရှမ်းပြည်နယ်ကိုယ်စားပြု ကဗျာလွတ် အကပြိုင်ပွဲဝင် မသွန်းသက်မှူးစံက " ကျွန်မက ရှမ်းပြည်နယ်ကိုယ်စားပြု ကဗျာလွတ်အက အဖွဲ့ကနေ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ အခုနှစ်နဲ့ဆိုရင် ဝင်ရောက်ယှဉ်ပြိုင်တာ လေးနှစ်ရှိပါပြီ။ ပြိုင်ပွဲမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံတွေ့ဆုံခွင့်ရတာက အတွေ့အကြုံတွေ၊ ဗဟုသုတတွေ အများကြီးရတဲ့အတွက် အင်မတန်ပျော်ရွှင်မိပါတယ်။ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့ ကြိုတင်ပြင်ဆင်လေ့ကျင့်မှုတွေ အများကြီးလုပ်ဆောင်ခဲ့ပါတယ်"ဟု ပြောသည်။

၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲများကို နေပြည်တော် ကောင်စီနယ်မြေ၌ အောက်တိုဘာလ ၇ ရက်မှ ၁၃ ရက်အထိ နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

## ရေကြီးမှု အခြေအနေ

နေပြည်တော် အောက်တိုဘာ ၅

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ကျော် ကျော်လွန်နေပြီး နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၂ လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် သတိပြုနေထိုင်နိုင်ပါရန်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

◆ ရှေ့ဖုံးမှအဆက်

ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ပူးပေါင်း၍ ကျောက်မဲမြို့တွင် ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရန်၊ ဒေသခံပြည်သူများအန္တရာယ်ကင်းရှင်းစွာနှင့် စိတ်အေးချမ်းသာစွာ သွားလာနေထိုင်နိုင်ရန်အတွက် TNLA အကြမ်းဖက်သောင်းကျန်းသူများနှင့် ပူးပေါင်းအဖွဲ့များက အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် နေရာများတွင် ယုတ်မာရိုင်းစိုင်းစွာ ထောင်ထားခဲ့သည့် မြေမြှုပ်မိုင်း၊ နင်းမိုင်း၊ တိုက်မိုင်းများအား ယခုလ ၄ ရက်နေ့မှစတင်၍ မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ဒေသခံပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းကို ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ ကျောက်မဲမြို့လာဘမုနိ တရုတ်ဘုံကျောင်း၌ ယာယီဆေးရုံ ဖွင့်လှစ်ပြီး ယနေ့မှစတင်၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

၎င်းအပြင် ကျောက်မဲမြို့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန်နှင့် မြို့သန့်ရှင်းသာယာလှပရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများစုပေါင်း၍ မြို့အဝင်နေရာနှင့် ပတ်ဝန်းကျင်နေရာများအား ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရန်အတွက် ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းစသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် အခြားလိုအပ်သည်များကို အင်တိုက်အားတိုက်ပူးပေါင်းဆောင်ရွက်ပေးကြသည်။

ထို့ပြင် ကျောက်မဲမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝလုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



ကျောက်မဲမြို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

# ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌတက်ရောက်



**နေပြည်တော် အောက်တိုဘာ ၅**

၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "မြတ်ဆရာ"သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာကို နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဖတ်ကြားသည်။

ယင်းနောက် နေပြည်တော်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူးက ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ (၅) ဖွဲ့၏ အဖွဲ့ခေါင်းဆောင်များမှ ပေးပို့သော စုပေါင်းသဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များက ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမကြီး လမ်းဘေးဝဲ/ယာတွင် သန့်ရှင်းသာယာလှပစေရေးအတွက် သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။

ဥတ္တရခရိုင်(ပြန်/ဆက်)

# ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်နှင့် မြတ်ဆရာပူဇော်ပွဲကျင်းပ

**တောင်ကြီး အောက်တိုဘာ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်နှင့် မြတ်ဆရာပူဇော်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက "မြတ်ဆရာ" သီချင်းဖြင့်ဖျော်ဖြေကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်ကဖတ်ကြားပြီး ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားသို့ ကမ္ဘာ့ကုလသမဂ္ဂ၊ ယူနက်စကိုကပေးပို့သည့် သဝဏ်လွှာကို ရှမ်းပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ယဉ်မင်းစုက ဖတ်ကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်ပြည်နယ်အဆင့် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲဆုရကျောင်းသား၊ကျောင်းသူများ၊ ဖျော်ဖြေရေးအဖွဲ့များကို ဆုနှင့်ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြပြီး အမှတ်(၅)အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက "လမ်းပြကြယ်" သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာကျောင်းများမှဆရာမများက "ပန်းကလေးများရဲ့ဥယျာဉ်မှူး"သီချင်းဖြင့်လည်းကောင်း သီဆိုကပြဂါရဝပြု ဖျော်ဖြေတင်ဆက်ကြသည်။



ယင်းနောက် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား တာဝန်ရှိသူများက နေရာအရောက် ကန်တော့ဂါရဝပြုငွေများ ပေးအပ်ခဲ့ကြပြီး အခမ်းအနားတက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ပြည်နယ်ဝန်ကြီးချုပ်က ကပြဖျော်ဖြေပေးကြသည့် အခြေခံပညာကျောင်းများမှ ဆရာမများအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ခဲ့ကြောင်းသိရသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက "အနန္တငါးဖြာ မြတ်ဆရာ" သီချင်းဖြင့် သီဆိုဂါရဝပြုပြီး ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများကို ကန်တော့ချိုးဖြင့် ရှိခိုးပူဇော်ကန်တော့ကြသည်။

ယင်းနောက် စာရေးဆရာမ ငွေခြည်လင်းလက် (မြန်မာစာ) ရေးသားသည့် ဆရာကြီး၊ ဆရာမကြီးများ၏ ကျေးဇူးဂုဏ်တော်ချီးမွမ်းခန်းကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ Grade-12 ကျောင်းသူ မအိဖြိုးခိုင်က ဖတ်ကြားပူဇော်ပြီး ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများကို ကန်တော့ဂါရဝပြုငွေများပေးအပ်ကြရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးတစ်ဦးက ဩဝါဒဆုပေးစကားချီးမြှင့်ပြီး ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများကို အခြေခံပညာ ဆရာ၊ ဆရာမများက "အာစရိယဂုဏော အနန္တော" သီချင်းဖြင့် သီဆိုဂါရဝပြုခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

# ပဲခူးမြို့၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကျင်းပ

**ပဲခူး အောက်တိုဘာ ၅**

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့ နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းတက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "မြတ်ဆရာသခင်ကန်တော့ပန်းဆင်"သီချင်းဖြင့်သီဆိုဖျော်ဖြေတင်ဆက်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိ




သုဓမ္မမင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်တာဝန်ရှိသူများက ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ပန်းကလေးများရဲ့ ဥယျာဉ်မှူး" သီချင်းဖြင့်လည်းကောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "လမ်းပြကြယ်" သီချင်းဖြင့်လည်းကောင်း သီဆိုဖျော်ဖြေကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေရေးကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုငွေပေးအပ်ပြီး အခမ်းအနားတက်ရောက်လာသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

**၅-၁၀-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ (၅,၉၉၀,၀၀၀)ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# သီတင်းကျွတ်ပွဲတော်နှင့် အဘိဓမ္မာအခါတော်နေ့

ဇော်မျိုးမင်း

မြန်မာလ ၁၂ လရာသီရှိသည့်အနက် မြန်မာလူမျိုးတို့သည် စိတ်အရင်းခံဖြင့် လပြည့် လကွယ်နေ့တိုင်းတွင် ရတနာသုံးပါးအားရည်မှန်း၍ အလှူအတန်းများ၊ ကောင်းမှုကုသိုလ်များ ပြုလုပ်လေ့ရှိကြသည်။ သီတင်းကျွတ်မီးထွန်းပွဲတော်သည် မြန်မာတို့၏ ၁၂ ရာသီပွဲတော်များတွင် ထင်ရှားသောပွဲတော်တစ်ခုဖြစ်ပြီး စတင်ကျင်းပခဲ့သည့်အစဉ်အလာမှာ ဘုရားရှင် သက်တော်ထင်ရှားရှိခဲ့စဉ် အခါကပင်ဖြစ်သည်။

**အဘိဓမ္မာအခါတော်နေ့**

သီတင်းကျွတ်လ၏ လပြည့်နေ့မှာ အဘိဓမ္မာအခါတော်နေ့ဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် အဘိဓမ္မာဒေသနာတော်ကိုဟောကြားပြီး တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်ပြည်သို့ သီတင်းကျွတ်လပြည့်နေ့တွင် ဆင်းသက်တော်မူခဲ့သဖြင့် ထူးမြတ်သောနေ့အဖြစ်သတ်မှတ်ခဲ့ကြသည်။ ဘုရားရှင်ဆင်းသက်ကြွမြန်းလာသည်ကိုရည်မှန်းပြီး ဘုရားရှင်အားပူဇော်သောအားဖြင့် ဆီမီးထွန်းကာ မီးထွန်းကြိုဆိုပူဇော်သောအစဉ်အလာသည် ရှေးဘိုးဘေးဘီဘင်များလက်ထက်ကပင်ရှိခဲ့သည်။ ထို့ပြင်ဘုရားရှင်သည် မယ်တော်ဖြစ်ခဲ့ဖူးသော "သန္တုသိတနတ်သား"ကို တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာခုနစ်ကျမ်းကို ဟောကြားတော်မူပြီးနောက် သီတင်းကျွတ်လပြည့်နေ့တွင် လူ့ပြည်သို့ သက်ဆင်းတော်မူသည်ကိုအကြောင်းပြုလျက် ဤနေ့ကို "အဘိဓမ္မာအခါတော်နေ့" ဟု သတ်မှတ်ကာ အဘိဓမ္မာတရားတော် ရွတ်ဖတ်ပူဇော်ပွဲများလည်းကျင်းပကြသည်။ သီတင်းကျွတ်လပြည့်နေ့၏ အနှစ်သာရမှာ အဘိဓမ္မာဒေသနာတော်ကို ကြားနာရသူအပေါင်းတို့ ကျွတ်တမ်းဝင်နိုင်ကြခြင်းပင်ဖြစ်သည်။

**အဘိဓမ္မာတရားတော်ပေါ်ထွန်းလာခြင်း**

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် သတ္တမဝါကို တာဝတိံသာနတ်ပြည်၌ ဝါကပ်တော်မူပြီး မယ်တော်ဖြစ်ခဲ့ဖူးသော "သန္တုသိတနတ်သား"ကို အမှူးထားကာ တာဝတိံသာနတ်ပြည်ရှိ ပင်လယ်ကသစ်ပင်ရင်းရှိ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်တွင် အဘိဓမ္မာဒေသနာတော်ကို ဝါတွင်းသုံးလပတ်လုံး အသံမစဲဟောတော်မူခဲ့သည်။ "မယ်တော်မိနတ်၊ ကျေးဇူးဆပ်၊ ဟောလတ်ဘိဓမ္မာ"ဟုလည်း ရှေးလူကြီးသူမများ ပြောဆိုရေးသားခဲ့ကြသည်။ ဤသို့ဖြင့် အဘိဓမ္မာဒေသနာတော်ကြီးသည် ခုနစ်ဝါမြောက်ဖြစ်သော မဟာသက္ကရာဇ် ၁၀၉ ခု ဝါဆိုလပြည့်ကျော် ၁ ရက်မှ သီတင်းကျွတ်လပြည့်နေ့အထိ သုံးလအတွင်း "လူ့ပြည်၊ နတ်ပြည်"တို့၌ တစ်ပြိုင်တည်းပေါ်ထွန်းခဲ့သည်။ အဘိဓမ္မာတရားတော်ကို သင်ယူခြင်း၊ ကြားနာခြင်း၊ ရွတ်ဖတ်ပူဇော်ခြင်းကြောင့် လင်းနို့သား ရဟန်းငါးရာကဲ့သို့ နာမရူပပရိစ္ဆေဒဉာဏ်ရင့်သန်ခြင်း၊ မဂ်ဖိုလ်နိဗ္ဗာန်ရရန် အထောက်အပံ့ကောင်းဖြစ်ခြင်း၊ ဘေးဥပဒ်အန္တရာယ်ကင်းဝေးခြင်း၊ ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံခြင်း ဟူသော အကျိုးထူးတရားများကို ရရှိနိုင်သည်။



ဓာတ်ပုံ - အင်တာနက်

**အဘိဓမ္မာ ခုနစ်ကျမ်းဆိုသည်မှာ**

အဘိဓမ္မာတရားသည် အမိကျေးဇူးဆပ်တရားဖြစ်ခြင်း၊ နတ်ပြည်၌ ဟောကြားခြင်း၊ သုံးလကြာမျှဟောရခြင်း၊ ပကတိဘုရားနှင့် နိမ္မိတဘုရားတို့ တစ်လှည့်စီ ဟောကြားခြင်းဟု ထူးခြားချက်လေးမျိုးနှင့်ပြည့်စုံသောတရားပင်ဖြစ်သည်။ ပါဠိ၏နက်နဲခြင်း၊ သဘောအဓိပ္ပာယ်၏နက်နဲခြင်း၊ ဟောကြားပုံအစီအစဉ်၏ နက်နဲခြင်း၊ ဉာဏ်တော်၏နက်နဲခြင်း စသော ဂမ္ဘီရလေးမျိုးနှင့်ပြည့်စုံသော တရားဖြစ်သည်။ ဝါဆိုလပြည့်ကျော် ၁ ရက်မှ သီတင်းကျွတ်လပြည့်နေ့အထိ ရက်ပေါင်း ၉၀၊ ဝါတွင်းသုံးလအတွင်းမှာ အဘိဓမ္မာ ခုနစ်ကျမ်းဖြစ်သော ဓမ္မသင်္ဂဏီကျမ်းကို ၁၂ ရက်၊ ဝိဘင်းကျမ်းကို ၁၂ ရက်၊ ဓာတုကထာကျမ်းကို ခြောက်ရက်၊ ပုဂ္ဂလပညတ်ကျမ်းကို ခုနစ်ရက်၊ ကထာဝတ္ထုကျမ်းကို ရှစ်ရက်၊ ယမိုက်ကျမ်းကို ၂၀ ရက်၊ ပဋ္ဌာန်းကျမ်းကို ၂၅ ရက် ဟောတော်မူခဲ့သည်။ အဘိဓမ္မာရှေးဦးခြောက်ကျမ်းကို ဆင်ခြင်စဉ်တွင် ရောင်ခြည်တော်ကွန့်မြူးခြင်းမရှိသေးပါ။ နောက်ဆုံးပဋ္ဌာန်းဒေသနာတော်ကြီးကို ဆင်ခြင်သုံးသပ်တော်မူသောအခါမှသာ ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးထွက်ပေါ်လာခဲ့သည်။

**သီတင်းကျွတ်မီးထွန်းပွဲတော်အကြောင်း**

မြန်မာမင်းများလက်ထက်ခေတ်အခါကမူ သီတင်းကျွတ်လတွင် မင်းသားမင်းမြေး မှူးတော်မတ်တော်တို့၏ အဆင်တန်ဆာများကို အသစ်လဲလှယ်ပေးတော်မူခြင်း၊ လက်ဆောင်တော်များကို ကြည့်ရှုတိုင်းထွာစေခြင်း၊ ဆီမီးမြင်းမိုရ်ထွန်းခြင်း၊ ဘုရားစေတီများတွင် ဆီမီးပူဇော်ခြင်း၊ ဝါကျွတ်အကန်တော့ခံခြင်းတို့ကို ပြုလေ့ရှိကြသည်။

သီတင်းကျွတ်မီးထွန်းပွဲတော်မှာ သီတင်းကျွတ်လ၏ ထင်ရှားသောပွဲတော်ပင်ဖြစ်သည်။ မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ် မယ်တော်ဖြစ်ခဲ့ဖူးသော နတ်သားကိုမွေးကျေးဇူးဆပ်သည့်အနေဖြင့် တရားဟောရန် မယ်တော်နတ်သားရှိရာ တာဝတိံသာနတ်ပြည်၌ ဝါတွင်းသုံးလပတ်လုံး မယ်တော်နတ်သား အမှူးပြုသော နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူသည်။ ထိုသို့ ဟောကြားတော်မူပြီးနောက် သီတင်းကျွတ်လပြည့်နေ့တွင် နတ်ပြည်မှလူ့ပြည်သို့ ပြန်လည်ကြွချီတော်မူမည်ဟု မိန့်ကြားသောအခါ အကြောင်းစုံသိသော သိကြားမင်းသည် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းဟူ၍ စောင်းတန်းသုံးသွယ် ဖန်ဆင်းတော်မူသည်။ မြတ်ဗုဒ္ဓနှင့်အတူ နတ်၊ ဗြဟ္မာအပေါင်းတို့လည်း လိုက်ပါဆင်းသက်ခဲ့ကြသည်။ မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ဆင်းသက်မည့်အချိန်၌ မြင်းမိုရ်တောင်ထိပ်တွင် ရပ်တော်မူကာ ရေမီးအစုံ တန်ခိုးပြာဋိဟာတို့ကို ပြတော်မူသည်။ သင်္ကဿနဂိုရ်ပြည်ရှိ စောင်းတန်း၌ ခြေတော်ကိုချမိလျှင်ပင် ဘုရားရှင်၏တပည့်ကြီးရှင်သာရိပုတ္တရာမထေရ်က ရှေးဦးစွာ ပူဇော်ကန်တော့သည်။ ထို့နောက်မှ မင်း၊ မိဖုရား၊ မှူးမတ်များနှင့်တကွ သာဝတ္ထိပြည်၊ ဝေသာလီပြည်၊ ရာဇဂြိုဟ်ပြည်၊ ဗာရာဏသီပြည်များမှ တိုင်းသူပြည်သားအပေါင်းက မီးရှူးတိုင်များ၊ မီးပန်းများ၊ ဆီမီးများထွန်းညှိပြီး မြတ်စွာဘုရားရှင်ကို ပူဇော်၍ ကြိုဆိုခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်လေသည်။

**မီးထွန်းညှိပူဇော်ခြင်းနှင့်မီးပုံးပျံလွှတ်တင်ခြင်း**

ထိုသို့ မြတ်စွာဘုရားရှင်အား မီးရှူး၊ မီးပန်း၊ မီးပုံး၊ ဆီမီးများထွန်းညှိ၍ ဆီးကြိုပူဇော်ကြသည်ကိုအကြောင်းပြု၍ သီတင်းကျွတ်လပြည့်နေ့ညတွင် ဆီမီးထွန်းညှိပူဇော်ခြင်းအလေ့အထ ဖြစ်လာခဲ့တော့သည်။ မီးထွန်းပွဲတော်ဆင်ယင်ကျင်းပစဉ် စေတီပုထိုး၊ ကျောင်းကန်ဇရပ်၊ လူနေအိမ်ခြေများ၊ စပါးကျီ၊ မောင်းဆုံ၊ ဈေးဆိုင်များပါမကျန် ဆီမီးရောင်များနှင့် ဝင်းလက်နေတော့သည်။ ဤဓလေ့သည် မြန်မာမင်းများလက်ထက် ပုဂံခေတ်မှသည် ယနေ့တိုင်ဖြစ်ပေသည်။

ထို့ပြင် နတ်ပြည်ရှိ စူဠာမဏိစေတီတော်ကိုပူဇော်သည့် အထိမ်းအမှတ်အဖြစ်လည်း မီးပုံးပျံများပြုလုပ်၍ ကောင်းကင်တွင်လွှတ်တင်ကြသည်။ သိဒ္ဓတ္ထမင်းသားတောထွက်တော်မူသောအခါ အနော်မာသောင်ကမ်းတွင် ဆံတော်ကို ရိတ်ပယ်တော်မူသည်။ ထိုဆံတော်ကို အဓိဋ္ဌာန်ပြု၍ ထက်ကောင်းကင်သို့ မြှောက်တင်လိုက်ရာ သိကြားမင်းက ရွှေပန်းတောင်းဖြင့် ခံယူထားလိုက်သည်။ သိကြားမင်းသည် ထိုဆံတော်များကိုဌာပနာ၍ စူဠာမဏိစေတီတော်အဖြစ် တည်ထားကိုးကွယ်တော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့ည မီးပုံးပျံလွှတ်တင်ခြင်းမှာ စူဠာမဏိစေတီတော်ကိုရည်မှန်း၍ ပူဇော်ခြင်းသာဖြစ်သည်။ ပုဂံမြို့ မြင်းကပါ ဂူပြောက်ကြီးဘုရားရှိ ပန်းချီကားတွင် ဗုဒ္ဓမြတ်စွာဘုရား တာဝတိံသာမှ သင်္ကဿနဂိုရ်ပြည်သို့ သက်ဆင်းပုံပန်းချီကို တွေ့ရသည့်အတွက် မီးမြင်းမိုရ်ပွဲကို ပုဂံခေတ်တည်းက ကျင်းပခဲ့သည်ဟု ယူဆနိုင်ပေသည်။

**သီတင်းကျွတ်လ၏ ထူးခြားချက်များ**

သီတင်းကျွတ်လပြည့်နေ့သည် မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်ပြည်သို့ ကြွမြန်းဆင်းသက်တော်မူလာသည့်နေ့ဖြစ်သည့်အတွက်ကြောင့်နေ့ထူးနေ့မြတ်အဖြစ် အသိအမှတ်ပြုထားကြခြင်းဖြစ်သည်။ မြတ်စွာဘုရားရှင် ဆင်းသက်ကြွမြန်းလာသည်ကိုရည်မှန်းပြီး ဘုရားရှင်အား ပူဇော်သည့်အနေဖြင့် ထိုနေ့ကို ဗုဒ္ဓဘာသာဝင်တို့သည် ဆီမီးများထွန်းကာ သီတင်းကျွတ်ပွဲတော်ကို ကျင်းပခဲ့ကြသည်မှာ ယနေ့ထိဖြစ်သည်။ မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ပြန်ကြွတော်မူသောအခါ မြတ်ဗုဒ္ဓက လောကဝိဝရဏတန်ခိုးတော်ဖြင့် ငရဲ၊ တိရစ္ဆာန်၊ လူ၊ နတ်၊ ဗြဟ္မာသတ္တဝါအချင်းချင်း တစ်ဦးကိုတစ်ဦး ထင်ရှားစွာမြင်တွေ့ရကာ မြတ်စွာဘုရားကို ဖူးမြော်ခွင့်ရစေသည့် ထူးကဲသည့်နေ့တစ်နေ့ဖြစ်သည်။ သီတင်းကျွတ်လပြည့်နေ့သည် ဝါဆိုတော်မူကြကုန်သော သံဃာတော်အရှင်မြတ်တို့အတွက် ဝါတွင်းသုံးလကုန်ဆုံးကျွတ်လွတ်သောနေ့ဖြစ်ပြီး "ကထိန်အလှူ" ကို ခံယူထိုက်စေသည်။ သီတင်းကျွတ်လကို ရှေးမြန်မာကျောက်စာများ၌ ချိန်ခွင်ပုံကြယ်တာရာနက္ခတ်တို့စုဝေးသော "သန်တူလ" ဟုလည်းကောင်း၊ တောင်သူလယ်သမားတို့စိုက်ပျိုးထားသော စပါးပင်များ သန်စွမ်းစွာထောင်မတ်သောလ ဟုလည်းကောင်း ပညာရှိများက ဖွင့်ဆိုကြသည်။ လောကီလူတွေရဲ့ ထုံးစံအရလည်း အိမ်ရာထောင်ခြင်းပြုနိုင်ကြသဖြင့် **"အချုပ်အချယ်တို့မှ လွတ်ကျွတ်စေသောလ"**ဟုလည်း ခေါ်နိုင်သည်။

**မိဘ၊ ဆရာများအားကန်တော့ခြင်း**

ဤအချိန်ကာလသည် မြန်မာတို့၏ တစ်ဦးကိုတစ်ဦး ရိုသေလေးစားတတ်သောသဘော၊ မာန်မာနကို နှိမ့်ချတတ်သောသဘော၊ အပြန်အလှန်မေတ္တာစေတနာထားတတ်သောသဘော စသည့် အမျိုးကောင်းသားသမီးတို့၏ ယဉ်ကျေးသိမ်မွေ့သော စိတ်နေစရိုက်ကို ဖော်ကျူးပြသနေသော အမျိုးဂုဏ်ကို မြှင့်တင်ပေးနေသည့် ရိုးရာအစဉ်အလာအချိန်အခါဖြစ်သည်နှင့်အညီ ဗုဒ္ဓ၏အဆုံးအမ၌ တည်ကြသော မြန်မာတို့သည် အသက်ဂုဏ်ဝါကြီးသူ၊ ခင်ပွန်းကြီး(၁၀)ပါးတို့အပေါ်တွင် ပူဇော်ကန်တော့လေ့ရှိကြသည့်အတိုင်း ဝါကျွတ်သောအချိန်၊ ဤထူးမြတ်သော အခါသမယတွင် တတ်နိုင်သမျှ ပူဇော်သက္ကာရတို့ဖြင့် သက်ကြီးဝါကြီးများ၊ မိဘဆရာများကို ပူဇော်ကန်တော့ကြသည့် ဓလေ့များကိုလည်း တွေ့မြင်ကြရသည်။ မိဘအဘိုးအဘွားများမှလည်း သားသမီးမြေးမြစ်များကို မုန့်ကျွေးခြင်း၊ မုန့်ဖိုးပေးခြင်းတို့ပြုလုပ်ပြီး သီတင်းကျွတ်လပြည့်နေ့တွင် ဝါတွင်းမုန့်များပြုလုပ်ကာ အိမ်နီးချင်းများအားဝေခြင်း၊ **စာမျက်နှာ ၁၄ သို့**➢

➢ စာမျက်နှာ ၁၃ မှ အဆက်

တစ်ခြံလုံး တစ်အိမ်လုံး မီးထွန်းခြင်း၊ မီးပုံးပျံလွှတ်ခြင်း၊ မီးမျှောခြင်း စတဲ့ မြန်မာတို့၏ ချစ်စရာကောင်းသော အပြုအမူများကို ဖန်တီးရင်း ပျော်ပျော်ရွှင်ရွှင်ဖြတ်သန်းကြသည်။

ဗုဒ္ဓသာသနာနှစ်အရှည်ကြာ တည်တံ့ခိုင်မြဲရန်ရည်မျှော်လျက် သာသနာပြုမင်းတို့သည် ပိဋကတ်သုံးပုံဆောင် မဟာထေရ်မြတ်ကြီးများအားချီးမြှောက်လျက် ကြီးကျယ်သော ဓမ္မသဘင်ကြီးများကို ကျင်းပပေးနိုင်ခဲ့သည်။ တရားဓမ္မတို့သည် လောကလူသားကောင်းကျိုးများ ဆောင်ကြဉ်းပေးလျက်ရှိသလို လောကငြိမ်းချမ်းသာယာရေးကိုလည်း တွန်းအားပေးလျက်ရှိသည်။ ယုတ်စွအဆုံးလောကလူသားများ ဒုက္ခဆင်းရဲအပေါင်းမှ ချုပ်ငြိမ်းသည့် မဂ်ဖိုလ်နိဗ္ဗာန်ရောက်ရှိရေးအထိတိုင် လမ်းညွှန်ပြပေးလျက်ရှိသည်။ ဗုဒ္ဓဘာသာဝင်တို့သည် သီတင်းကျွတ်လပြည့်နေ့တွင် အဘိဓမ္မာတရားတော်ကို နာကြားကာ ဒုက္ခဆင်းရဲအပေါင်းမှ လွတ်မြောက်အောင် ကျင့်ကြံအားထုတ်သင့်သည်။

အချုပ်အားဖြင့်ဆိုရသော် မည်သည့်တိုင်းရင်းသားလူမျိုးမဆို မိမိတို့၏ ယဉ်ကျေးမှုအစဉ်အလာတစ်မျိုးမျိုးဖြင့် ပူဇော်ခြင်းသည် ကောင်းသောကုသိုလ်၊ မြတ်သောအမှုသာဖြစ်ပေသည်။ သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့ဟုဆိုဆို၊ ဆီမီးထွန်းညှိပူဇော်ပွဲဟုပြောပြော အဆိုပါနေ့မြတ်သည် မြန်မာလူမျိုးများအတွက်သာမက ထေရဝါဒဗုဒ္ဓဘာသာဝင် တိုင်းရင်းသားလူမျိုးအားလုံးနှင့်သက်ဆိုင်ပေသည်။ ကျေးဇူးတော်ရှင်မြတ်ဗုဒ္ဓကိုရည်မှန်း၍ ဆီမီးပူဇော်သည့် ယဉ်ကျေးမှုအစဉ်အလာမှာ ယနေ့ထက်တိုင် ထွန်းကားနေခြင်းမှာလည်း ဗုဒ္ဓသာသနာ ထွန်းလင်းတောက်ပနေခြင်းသာဖြစ်ပေသည်။ သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)အခါသမယတွင် မြန်မာနိုင်ငံသားအားလုံး အေးချမ်းစွာဖြင့် ကုသိုလ်ကောင်းမှုပြုရင်း မင်္ဂလာရှိစွာ၊ ပျော်ရွှင်စွာဆင်နွှဲနိုင်ကြပါစေ၊ မြန်မာပြည်ကြီးလည်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆန္ဒပြုဆုတောင်းလျက်ရေးသားတင်ပြလိုက်ရပါသည်။ ။

❍ ရှေ့ဖုံးမှအဆက်

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ ပြေးဆွဲနေသည့် ကေဘယ်ကားများကို ဆံတော်ရှင်ဗုဒ္ဓပူဇနိယပွဲတော်ဖြစ်သည့် သီတင်းကျွတ်လပြည့်နေ့မှ ကဆုန်လပြည့်နေ့အထိ ခုနစ်လတိုင်တိုင် နေ့စဉ် ပြေးဆွဲပေးလျက်ရှိကြောင်း၊ အောက်တိုဘာလ ၄ ရက်မှစတင်ပြီး နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ နေ့စဉ် ပြန်လည်ပြေးဆွဲရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ ကေဘယ်ကား စီးနင်းခမှာ လူတစ်ဦးလျှင် အသွားခရီး ငွေကျပ် ၂၀၀၀၀ သတ်မှတ်ထားပြီး အသွားအပြန်ခရီးအတွက် ငွေကျပ် ၃၀၀၀၀ သတ်မှတ်ထားကြောင်း၊ ကေဘယ်ကားဝန်ဆောင်မှုတွင် ကားအစီးရေ ၄၄ တွဲပြေးဆွဲမည်ဖြစ်ပြီး ကားတစ်တွဲလျှင် ခရီးသည်ရှစ်ဦးအထိ တင်ဆောင်နိုင်မည်ဖြစ်ကြောင်း Sky Asia Cable Car ကုမ္ပဏီတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**စည်သူ(ပြန်/ဆက်)**

➩ ကျောဖုံးမှအဆက်

အစားအစာအရောင်းဆိုင်များ၊ စားသောက်ဆိုင်ခန်းများအပါအဝင် ဈေးဆိုင်ခန်းပေါင်း ၆၂၀ကျော်တွင် ပြည်တွင်းထုတ်ကုန်ပစ္စည်းများဖြစ်သည့် အဝတ်အထည်များ၊ စားသောက်ကုန်များ၊ အလှမွေးငါးများ၊ အိမ်မွေးတိရစ္ဆာန်တွားသွားသတ္တဝါများ၊မြန်မာ့သနပ်ခါးများကို ခင်းကျင်းပြသရောင်းချလျက်ရှိသည့်အပြင် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက သက်သာသောဈေးနှုန်းများဖြင့် ဆီများကိုရောင်းချပေးလျက်ရှိရာ လာရောက်ကြည့်ရှုဝယ်ယူအားပေးလျက်ရှိကြသူများဖြင့် စည်ကားလျက်ရှိသည်။

သီတင်းကျွတ်ဈေးရောင်းပွဲတော်တွင် Talk Show အစီအစဉ်၌ "MSME များအတွက်နည်းပညာဆိုင်ရာနှင့်ပံ့ပိုးမှုများ" ခေါင်းစဉ်ဖြင့်ဆွေးနွေးကြရာ စီးပွားရေးလုပ်ငန်းရှင်များနှင့်ပွဲတော်လာပြည်သူများက စိတ်ဝင်တစား လာရောက်နားထောင်အားပေးလျက်ရှိသည်။

ဖျော်ဖြေရေးမဏ္ဍပ်၌လည်းဖျော်ဖြေရေးအစီအစဉ်များအဖြစ်သဘင်နှင့်ဂီတနယ်ပယ်မှ ကျော်ကြားသည့် အနုပညာရှင်များ၊DJ ပညာရှင်များ၊အကအဖွဲ့များနှင့်မျိုးဆက်သစ်တေးသံရှင်များစွာတို့၏ သီဆိုဖျော်ဖြေမှုများကြောင့် သီတင်းကျွတ်ဈေးရောင်းပွဲတော်ကို ပိုမိုအသက်ဝင်စေခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ ပြည်သူများအနေဖြင့်လည်း တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးစွာသီချင်းတေးသွားများကို အတူတကွပျော်ရွှင်စွာ နားဆင်ခံစားကြပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရွှေသံလွင်မိသားစုတို့မှလှူဒါန်းသည့်စတုဒိသာထမင်း၊ဟင်းများကိုလည်းအားပါးတရပျော်ရွှင်စွာသုံးဆောင်ကြသည်ကိုတွေ့ရသည်။

ဈေးရောင်းပွဲတော်လာပြည်သူများအတွက် သန့်ရှင်းစွာစည်းကမ်းရှိသည့်ပွဲတော်ဖြစ်စေရေး အမှိုက်များစနစ်တကျစွန့်ပစ်ရန် အမှိုက်ပုံးများအပြင် mobile Toilet များထားရှိဆောင်ရွက်ပေးထားပြီး ပွဲတော်လာပြည်သူများ သွားရေးလာရေးအဆင်ပြေလွယ်ကူစေရန် အကြို/အပို့ကားများ စီစဉ်ဆောင်ရွက်ထားရှိသဖြင့် အနယ်နယ်အရပ်ရပ်မှပြည်သူများကိုတွေ့ရသည်။

**(ဇော်မင်းလတ်-MNA)**

# မအူပင်တက္ကသိုလ်၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အာစရိယပူဇော်ပွဲကျင်းပ



မအူပင် အောက်တိုဘာ ၅

ဧရာဝတီတိုင်းဒေသကြီး မအူပင်တက္ကသိုလ်၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အာစရိယပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာလ ၄ ရက်နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်ရှိဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မအူပင်တက္ကသိုလ်ဆရာ၊ ဆရာမများက ဧရာဝတီ၏အလှပန်းတို့ တက္ကသိုလ်ရိပ်နန်းသီချင်းဖြင့် သီဆိုဖျော်ဖြေပြီး မြတ်ဆရာသီချင်းဖြင့် ဆီမီးများထွန်းညှိပူဇော်သည်။

ဆက်လက်၍ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ချီးဖြင့် ရှိခိုးကန်တော့ပြီး ပါမောက္ခချုပ်ဆရာမကြီးနှင့် ပါမောက္ခဆရာကြီး၊ ဆရာမကြီးများက အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများအား လက်ဆောင်ပစ္စည်းများပေးအပ်ကြသည်။

ထို့နောက် မအူပင်တက္ကသိုလ် ပါမောက္ခချုပ်ဆရာမကြီး ဒေါက်တာနီနီဦးက ဆရာကြီး၊ ဆရာမကြီးများအား ဂါရဝပြုနှုတ်ဆက်စကားပြောကြားကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

( ဏ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၈၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

( တ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနား မန္တလေးတက္ကသိုလ်၌ကျင်းပ

နေပြည်တော် အောက်တိုဘာ ၅

၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့ မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများနှင့် ထူးချွန်ဆရာ၊ ဆရာမများ၊ ပြိုင်ပွဲများတွင် ဆုများရရှိခဲ့ကြသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးမြို့ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသား၊ ကျောင်းသူများက "မြတ်ဆရာ" သီချင်းဖြင့် ဖျော်ဖြေကြသည်။




ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီးက ဖတ်ကြားသည်။

ယင်းနောက်ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မေစန်းရီက ဖတ်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများ၊ ထူးချွန်ဆရာ၊ ဆရာမများ၊ ၂၀၂၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မန္တလေးပညာရေးဒီဂရီကောလိပ်မှကျောင်းသူများက "ဥယျာဉ်နန်းက ပွင့်သစ်ပန်း" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။ **မြဝတီ**

# ယာယီအဆောက်အအုံများတွင် ဝန်ထမ်းများနေရာချထားမှုအခြေအနေကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး၍ ထောက်ပံ့ပစ္စည်းများပေးအပ်

နေပြည်တော် အောက်တိုဘာ ၅

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀)နှင့် ရုံးအမှတ်(၃၇)တို့ရှိ ယာယီအဆောက်အအုံများတွင် နေထိုင်သည့်ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဆန်၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်များ၊ အချိုရည်များ ထောက်ပံ့ပေးအပ်ကာ ဝန်ထမ်းများနှင့်အတူ နေထိုင်သည့်အသက် ၈၀ ကျော် ဝန်ထမ်းမိဘများကို သီးခြားထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ယာယီအဆောက်အအုံများတွင် ဝန်ထမ်းများ နေထိုင်လျက်ရှိသည့်အခြေအနေနှင့် ထမင်းချက်ဆောင်များကို ကြည့်ရှုစစ်ဆေးပြီး ယာယီအဆောက်အအုံများ၏ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် စုပေါင်းသန့်ရှင်းရေးများဆောင်ရွက်ရန်၊ ဝမ်းပျက်ဝမ်းလျှောရောဂါများမဖြစ်ပွားစေရေးအတွက် တစ်ကိုယ်ရည်သန့်ရှင်းမှုများ အလေးထားဆောင်ရွက်ရန်၊ တာဝန်ရှိသူများအနေဖြင့် ကွန်တိန်နာများတွင် နေထိုင်လျက်ရှိသည့်ဝန်ထမ်းများ အပူဒဏ်လျော့နည်းသက်သာစေရေးအတွက် အမိုးများကို အမြန်ပြီးပြတ်အောင်ဆောင်ရွက်ရန်၊ ဝန်ထမ်းများ၏အုပ်ချုပ်မှုကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက် ဈေးကားများ စီစဉ်ဆောင်ရွက်ပေးရန်၊ ဝန်ထမ်းများ၏ သားသမီးများအတွက် ကျောင်းကြို/ပို့ ယာဉ်များကိုလည်း အဆင်ပြေချောမွေ့အောင်ဆောင်ရွက်ပေးရန်၊ ယာယီအဆောက်အအုံများတွင် နေထိုင်လျက်ရှိသည့် ဝန်ထမ်းများ၊ ဝန်ထမ်းများ၏ပစ္စည်းများအတွက် နေ့ညမပြတ်လုံခြုံရေးချထားဆောင်ရွက်ပေးရန် မှာကြားကာ ဝန်ထမ်းများ၏တင်ပြချက်များကို ဖြည့်ဆည်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**




# မန္တလေးမြို့ရှိ ဆေးဝါးတက္ကသိုလ်နှင့်ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်သို့ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း သွားရောက်ကြည့်ရှုစစ်ဆေး



မန္တလေး အောက်တိုဘာ ၅

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ယမန်နေ့က ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဆေးဝါးတက္ကသိုလ် (မန္တလေး)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဆရာ/ဆရာမများနှင့်ဝန်ထမ်းများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဆေးဝါးဗေဒသင်ကြားရေးဆိုင်ရာကိစ္စရပ်များ စဉ်ဆက်မပြတ်တိုးတက်စေရန်အတွက် လိုအပ်သည်များကိုမှာကြားကာ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် Practical ခန်းများ၊ Pharmaceutical Chemistry Lab၊ စာသင်ခန်းများ၊ ဌာနများနှင့် စာကြည့်တိုက်တို့ကိုလှည့်လည်ကြည့်ရှုပြီး ဆက်လက်ဆောင်ရွက်ရမည့် အချက်များကို မှာကြားသည်။

ဆက်လက်၍ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (မန္တလေး)၌ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ပြည်ထောင်စုဝန်ကြီးက ဆေးဘက်ဆိုင်ရာနည်းပညာများအား ခေတ်မီနည်းပညာများနှင့်အညီ သင်ကြားနိုင်ရေး၊ နိုင်ငံတကာအဆင့်မီ သင်ကြားရေးအထောက်အကူပြုပစ္စည်းများအသုံးပြု၍ ဆက်လက်သင်ကြားပေးနိုင်ရေး၊ ပြောင်းလဲတိုးတက်လာသောဆေးဘက်ဆိုင်ရာနည်းပညာရပ်များအား စဉ်ဆက်မပြတ်လေ့လာပြီး သုတေသနဆိုင်ရာကိစ္စရပ်များကို ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်နိုင်ရေး မှာကြားကာ ငလျင်ဒဏ်ကြောင့်ပျက်စီးထိခိုက်သွားသော အဆောက်အအုံများ ပြင်ဆင်နေမှုကိုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

# အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ဆက်ကပ်ခြင်းခံရသော ဣစ္ဆာသယဘိုကလေးကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်အား ထပ်ဆင့်ဂုဏ်ပြုမင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၅

နိုင်ငံတော်မှ ဆက်ကပ်ခြင်းခံရသော မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်များရရှိသည့် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းရပ်ကွက် ဣစ္ဆာသယဘိုကလေးကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် သာသနဓဇဓမ္မာစရိယ ဒေါက်တာဘဒ္ဒန္တဉာဏဝံသအား တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က ထပ်ဆင့်ဂုဏ်ပြုသည့်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်ကြီးရှိ ခင်ဥရတနာသိင်္ဂီ(၅)ထပ်ကျောင်းဆောင်ကြီးတွင် ကျင်းပပူဇော်ခဲ့သည်။



ရှေးဦးစွာ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က ကြွရောက်တော်မူလာကြသည့် ဆရာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား အရုဏ်ဆွမ်းများဆက်ကပ်လှူဒါန်းခဲ့ကြပြီး အလှူ့ရှင်ဦးလူဖောင်စု+ဒေါ်ကျင့်ရင်မိသားစုက သာသနာ့အကျိုးပိုမိုစွမ်းဆောင်နိုင်ရန်အတွက် ဣစ္ဆာသယဘိုကလေးကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သာသနဓဇဓမ္မာစရိယ ဒေါက်တာဘဒ္ဒန္တဉာဏဝံသအား အလှူငွေကျပ်သိန်းပေါင်းသုံးထောင်ကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယင်းနောက် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က နိုင်ငံတော်ဩဝါဒါစရိယဓမ္မရောင်ခြည်ဆရာတော် ဒွိပိဋကဓရဘဒ္ဒန္တအဂ္ဂဓမ္မထံမှ ငါးပါးသီလခံယူခြင်း၊ ဆရာတော်သံဃာတော်များက ရွတ်ဖတ်သည့် ပရိတ်တရားတော်များကို နာယူဆောက်တည်ခြင်းများဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် အလှူ့ရှင်နှင့်တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က ဣစ္ဆာသယဘိုကလေးကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သာသနဓဇဓမ္မာစရိယဒေါက်တာဘဒ္ဒန္တဉာဏဝံသထံမှ လှူဒါန်းမှုအစုစုအတွက် ရေစက်ချတရားနာယူခဲ့ကြသည်။

ဣစ္ဆာသယဘိုကလေးကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်အရှင်သူမြတ်သည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်နှင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ စသည့်သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ရရှိခဲ့ကြောင်း သိရသည်။

**လင်းခန့်**

■ **ကျောဖုံးမှအဆက်**

အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်၊ ကျောက်ဆည်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်နှင့်တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်ဆင်များက အောင်စေပိုင်စေသီချင်းဖြင့် ဖျော်ဖြေပြီး ကျောက်ဆည်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက တက်ရောက်လာကြသူများအား ဆင်အကအလှပြိုင်ပွဲအမှတ်တရလက်ဆောင်များပေးအပ်ကာ ပြိုင်ပွဲဝင်ဆင်များက မြန်မာပြည်သားသီချင်းဖြင့် ဆင်ပြိုင်ကွင်းမှပြန်လည်ထွက်ခွာရာ ဇော်ဂျီမောင်ဧည့်ခံဆင်အဖွဲ့က ဆင်အကအလှစွမ်းရည်များဖြင့် ဧည့်ခံဖျော်ဖြေသည်။

ထို့နောက် ပြိုင်ပွဲဝင်ဆင်များက ဆင်အကအလှပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်ကြကြောင်းနှင့်ပြိုင်ပွဲအပြီးတွင် ဆုရရှိသည့်ဆင်အဖွဲ့များအား ဆုများပေးအပ်မည်ဖြစ်ကြောင်းသိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဗုဒ္ဓရုပ်ပွားတော်နှင့် လျှပ်စစ်မီးစေတီများ လှည့်လည်ပူဇော်

ရန်ကုန် အောက်တိုဘာ ၅

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၇ ခုနှစ် သီတင်းကျွတ်လပြည့်နေ့အကြို(အဖိတ်နေ့) ရွှေတိဂုံစေတီတော်မြတ်ကြီးအား လျှပ်စစ်မီးစေတီများ လှည့်လည်ပူဇော်ဆက်ကပ်ပွဲကို ယနေ့ညပိုင်းတွင် ရွှေတိဂုံစေတီတော်ရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တိုင်းဒေသကြီးဝန်ကြီးများ၊ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များနှင့် ဂေါပကရုံးဝန်ထမ်းများ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ အလှူ့ရှင်များနှင့် ဘုရားဖူးလာပြည်သူများက ရင်ပြင်တောင်ဘက်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်းစုရပ်မှ ဗုဒ္ဓရုပ်ပွားတော်နှင့်လျှပ်စစ်မီးစေတီများပင့်ဆောင်လျက် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ထို့နောက် လျှပ်စစ်မီးစေတီများစုပေါင်းပူဇော်ဆက်ကပ်ပွဲကို ရွှေတိဂုံစေတီတော်ရင်ပြင်ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တိုင်းဒေသကြီးဝန်ကြီးများ၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များနှင့်တာဝန်ရှိသူများက ပန်း၊ ရေချမ်း၊ ဆီမီးနံ့သာများဖြင့် ဆက်ကပ်လှူဒါန်းကြသည်။ အဆိုပါ ဗုဒ္ဓရုပ်ပွားတော်နှင့်လျှပ်စစ်မီးစေတီများအား ရာဟုထောင့်ချမ်းသာကြီးတန်ဆောင်း၌ ယနေ့မှ အောက်တိုဘာလ ၇ ရက်အထိ သုံးရက်တိုင်တိုင်ပူဇော်ခံထွန်းညှိထားမည် ဖြစ်ကြောင်း သိရသည်။



**ဝန်းရံခ**

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် အောက်တိုဘာ ၅

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း) တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

# ကျောက်မဲမြို့တွင် ပြည်သူ့ဆေးရုံ(ယာယီဆေးရုံ)အား ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ပြန်လည်အားဖြည့်ဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၅

တပ်မတော်က ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation)ကို ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကျောက်မဲမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ကျောက်မဲမြို့၌ အစိုးရအုပ်ချုပ်ရေးယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေး၊ မြို့ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည်များကို ဒေသခံပြည်သူလူထုနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိသည်။



ကျန်းမာရေးဝန်ကြီးဌာနသည် ကျောက်မဲခရိုင် ကျောက်မဲမြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းလွှမ်းခြုံမှု ပြန်လည်ကောင်းမွန်စွာ ရရှိရေးအတွက် အားစိုက်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ဆောင်ရွက်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများသည် အောက်တိုဘာလ ၃ ရက်တွင် ကျောက်မဲမြို့သို့ ပြန်လည်ရောက်ရှိတာဝန်ထမ်းဆောင်ခဲ့ကြသည်။

အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ပျက်စီးမှုများရှိခဲ့သည့် ကျောက်မဲမြို့ ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၅၀)အား ပြန်လည်ပြုပြင်ရန် ဆောင်ရွက်နေစဉ်တွင် ကျောက်မဲခရိုင် ကျောက်မဲမြို့ ပြည်သူ့ဆေးရုံကြီး (ယာယီဆေးရုံ)ကို အမှတ်(၂) ရပ်ကွက်ရှိ လာဘမုနိတရုတ်ဘုံကျောင်း၌ ယနေ့တွင်စတင်ဖွင့်လှစ်၍ ကျောက်မဲမြို့ပေါ်နှင့်ဒေသခံပြည်သူများအား ဆေးကုသမှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာထွန်းညွန့်ဦးနှင့် ဒေါက်တာမျိုးအောင် (ဒု-ခရိုင်ကုသရေးဦးစီးဌာနမှူး) ဦးစီးသည့် ကျန်းမာရေးဝန်ထမ်း ၇ ဦးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး ယနေ့တွင် လူနာကျား ၂၂ ဦး မ ၃၃ ဦး စုစုပေါင်း လူနာ ၅၅ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်နိုင်ခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျောက်မဲမြို့ပေါ်နှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ယာယီဆေးရုံတွင် အရေးပေါ်ခွဲစိတ်ကုသမှုများ ဆောင်ရွက်နိုင်မည့် ရွေ့လျားခွဲစိတ်ခန်း(Mobile Operation Theatre)များကို တည်ဆောက်ခြင်း၊ လိုအပ်သည့်ဆေးဝါးနှင့်ဆေးပစ္စည်းများ၊ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများကို အားဖြည့်ခြင်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြဝတီ**

# မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုပူးတွဲကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေးနှင့် ဘယ်လာရုစ် နိုင်ငံတကာစက်မှုပြပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

နေပြည်တော် အောက်တိုဘာ ၅

ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ စက်တင်ဘာလ ၂၉ ရက်မှ အောက်တိုဘာလ ၃ ရက်အထိ ကျင်းပသည့် မြန်မာ-ဘယ်လာရုစ် ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေးနှင့်ဘယ်လာရုစ် နိုင်ငံတကာစက်မှုပြပွဲ (International Industrial Exhibition "INNOPROM. Belarus") သို့ တက်ရောက်ခဲ့သည်။




မြန်မာ-ဘယ်လာရုစ် ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေးကို အောက်တိုဘာလ ၂ ရက်တွင်ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီးဌာန၌ ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်နှင့်ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မက်ဆင်းရှုဇန်ကော့ဗ်တို့က ဦးဆောင်ကျင်းပခဲ့သည်။

အစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များ မတ်လအတွင်းတွေ့ဆုံစဉ် နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့သည့် စာချုပ်စာတမ်းများ အကောင်အထည်ဖော်ရေးကိစ္စရပ်များကိုလည်းကောင်း၊ လက်မှတ်ရေးထိုးပြီးဖြစ်သည့် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ရည်ရွယ်သည့်စာလွှာကိုအခြေခံ၍ ရေးဆွဲလျက်ရှိသည့် လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈) အပြီးသတ်ရေးဆွဲရေးကိစ္စရပ်များကိုလည်းကောင်း အသေးစိတ်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ အရှိန်အဟုန်မြင့်တင်နိုင်ရေးအတွက် အဆိုပါစာချုပ်စာတမ်းများနှင့်လမ်းပြမြေပုံတို့တွင်ပါဝင်သည့်ကဏ္ဍများဖြစ်သော စက်မှု၊ စိုက်ပျိုးရေးနှင့်အစားအစာ၊ ကျန်းမာရေးနှင့်ဆေးဝါး၊ ဘဏ်လုပ်ငန်းနှင့်ငွေကြေး၊ ပညာရေးနှင့်ခရီးသွားလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုအလားအလာများနှင့်အခွင့်အလမ်းများကို ကဏ္ဍအလိုက် အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးမှုအပြီးတွင် ပူးတွဲဥက္ကဋ္ဌများက ဒုတိယအကြိမ်ပူးတွဲကော်မတီအစည်းအဝေး၏ဆွေးနွေးမှုမှတ်တမ်းကို အတည်ပြုလဲလှယ်ခဲ့ကြပြီး ကော်မတီအစည်းအဝေးကျင်းပခြင်းနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်တို့သည် စက်တင်ဘာလ ၂၉ ရက်တွင်ကျင်းပသည့် ကုန်သွယ်ရေးပြပွဲအစီအစဉ်၊ မျက်နှာစုံညီအစည်းအဝေးနှင့်အထူးဧည့်သည်တော်များအား ဧည့်ခံပွဲတို့သို့တက်ရောက်ခဲ့သည်။

မျက်နှာစုံညီအစည်းအဝေးသို့ဘယ်လာရုစ်၊ ရုရှား၊ အဇာဘိုင်ဂျန်၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ ဥဇဘက်ကစ္စတန်နှင့် တာဂျစ်ကစ္စတန်နိုင်ငံတို့မှ ဝန်ကြီးချုပ်များတက်ရောက်၍ မိန့်ခွန်းများပြောကြားခဲ့ကြသည်။ မျက်နှာစုံညီအစည်းအဝေးသို့ ဥရောပ-အာရှစီးပွားရေးသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများမှ ထိပ်တန်းစီးပွားရေးအမှုဆောင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ် နိုင်ငံတကာစက်မှုပြပွဲသို့တက်ရောက်၍ ဘယ်လာရုစ်နိုင်ငံ၏စက်မှုလုပ်ငန်းဆိုင်ရာ ဆန်းသစ်တီထွင်မှုများ၊ နည်းပညာမြင့်ထုတ်ကုန်များ၊ ခေတ်မီနည်းပညာများနှင့်စက်ယန္တရားများခင်းကျင်းပြသမှုများကို လေ့လာကြည့်ရှု၍ သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး မြန်မာနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ပြည်ထောင်စုဝန်ကြီးသည် မင့်စ်မြို့သို့ ရောက်ရှိနေစဉ်ကာလအတွင်း စက်တင်ဘာလ ၃၀ ရက်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာအလီယက်စန်ဒါခါဂျာရက်ဗ်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကိုလည်းကောင်း၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဒန်းနစ် ဘာခေနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား စက်မှုနှင့်လယ်ယာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကိုလည်းကောင်း သီးခြားစီဆွေးနွေးခဲ့သည်။

ယင်းအပြင် ပြည်ထောင်စုဝန်ကြီးသည် မင့်စ်မြို့ရှိ နို့နှင့်နို့ထွက်ပစ္စည်းစက်ရုံသို့သွားရောက်၍ နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု၊ အရည်အသွေးထိန်းသိမ်းမှုနှင့်ဘေးကင်းလုံခြုံရေး စီမံဆောင်ရွက်မှုများကိုလည်းကောင်း၊ မင့်စ်မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံသို့သွားရောက်၍ မော်တော်ယာဉ်၊ လူနာတင်ကားများ၊ ရွေ့လျားဆေးကုသသည့်မော်တော်ယာဉ်များ၊ မီးသတ်ကားများ ထုတ်လုပ်နေမှုများနှင့် အရည်အသွေးစမ်းသပ်စစ်ဆေးမှုများကိုလည်းကောင်း လေ့လာကြည့်ရှုခဲ့ရာ စက်ရုံအသီးသီးမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အလားတူ မြန်မာ-ဘယ်လာရုစ် ကုန်သွယ်ရေးနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုပူးတွဲကော်မတီ၏ မြန်မာဘက်မှကော်မတီအဖွဲ့ဝင်များသည် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အလိုက် ဆွေးနွေးမှုများနှင့်လေ့လာမှုများကို ဆောင်ရွက်ခဲ့ကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့်အစားအစာဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့သည် မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံအကြား စိုက်ပျိုးရေးနှင့်အစားအစာကဏ္ဍဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ပထမအကြိမ်အစည်းအဝေးကို တွဲဖက်ဥက္ကဋ္ဌများအဖြစ်ဆောင်ရွက်၍ နှစ်နိုင်ငံအကြား စိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ၊ နှစ်နိုင်ငံသုတေသနအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ရေး၊ နည်းပညာနှင့် အတွေ့အကြုံများဖလှယ်ရေးကိစ္စရပ်များကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်သည် Advin CJSC စက်ရုံနှင့် Belmedpreparaty ဆေးဝါးထုတ်လုပ်သည့်စက်ရုံတို့သို့ သွားရောက်၍ စက်ပစ္စည်းပုံရိပ်ဖော်စက်များ၏ နည်းပညာဆန်းသစ်ထုတ်လုပ်မှုများနှင့် ဆေးဝါးထုတ်လုပ်နေမှုများကို လေ့လာခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကိုယ်စားလှယ်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားဘဏ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ငွေပေးချေမှုနှင့်စာရင်းရှင်းလင်းမှု ဆောင်ရွက်နိုင်မည့်နည်းလမ်းများကိုဆွေးနွေးခြင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်များသည် ဘယ်လာရုစ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခြင်းတို့ကိုဆောင်ရွက်ခဲ့ကြသည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့တွင် ကျင်းပသည့် မြန်မာ-ဘယ်လာရုစ်ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေးနှင့် ဘယ်လာရုစ် နိုင်ငံတကာစက်မှုပြပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်အရာရှိများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၂၇ ရက်တွင် မြန်မာနိုင်ငံမှထွက်ခွာခဲ့ပြီး အောက်တိုဘာလ ၄ ရက်ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**မြဝတီ**

# စစ်ကိုင်းခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တွေ့ဆုံဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၅

စစ်ကိုင်းခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများက သက်ဆိုင်ရာဌာနများအလိုက် ခရိုင်အတွင်းရှိမြို့နယ်များ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် မကြာမီကျင်းပတော့မည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းများ ကြိုတင်စီမံဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် စစ်ကိုင်းမြို့ ရောဝတီတံတားနှင့်(ရတနာပုံ) စစ်ကိုင်းမြို့အထွက်ကံတလူဂိတ်တို့ရှိ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့်တွေ့ဆုံပွဲကို အဆိုပါအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ရောဝတီတံတားနှင့်(ရတနာပုံ) စစ်ကိုင်းမြို့အထွက်ကံတလူဂိတ်တို့မှ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးအဖွဲ့များမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးများနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ယင်းနောက် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ မြို့မဈေးသုံးထပ်အဆောက်အအုံနှင့် တစ်ထပ်ဈေးရုံသုံးရုံ ပြန်လည်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**အေးသန္တာ**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Kalewa Township plans to grow over 6,000 acres of winter sunflowers

KALEWA October 5

A total of 6,753 acres of sunflowers will be planted in this year winter crops planting season in Kalewa Township, Kale District, Sagaing Region, according to the statistics of the Department of Agriculture for Kalewa Township.

During the upcoming 2025-2026 winter crops planting season, 6,753 acres of winter sunflowers will be planted in Kalewa Township, and the planting will start from October this year and continue until December.

"We will work to achieve the target acres. We will expand the cultivation of sunflower, an oil crop, to reduce the amount of palm oil imported from abroad. Sunflower, an oil crop, has a higher oil yield per acre than other peanuts and sesame. Sunflower is only planted in the winter," said U Myo Naing, head of the Department of Agriculture for Kalewa Township.

In order to expand sunflower cultivation in Kalewa Township, the Township Agriculture Department will intensify educational training and will conduct training courses to improve the performance of staff and farmers who will plant sunflower.

**SK**



# Monywa Township to grow over 9,000 acres of winter seed corns and millets

MONYWA October 5

A total of 9,022 acres of seed corns and millets will be cultivated in Monywa Township, Monywa District, Sagaing Region during the upcoming winter crops planting season, according to the Department of Agriculture for Monywa Township.

In the 2025-2026 winter crops planting season, Monywa Township plans to plant 1,082 acres of seed corns and 7,940 acres of millets, totaling 9,022 acres, and planting will begin from October this year until December.

"We will provide education to help corn crops grow successfully and prevent the spread of pests and diseases," said U Soe Thet Aung, head of the Department of Agriculture for Monywa Township.

More than 50 baskets of seed corns are produced per acre, and the cost of planting per acre of seed corns is Ks-500,000. A total of 15,000 corn ears of millets are produced per acre, and the cost of planting per acre is over Ks-500,000.

**SMK**

# More than 9,000 acres of cotton planted in Myinmu Township this year



MYINMU October 5

Statistics of Sagaing District Agriculture Department mentioned that more than 9,000 acres of cotton were planted as monsoon crops in Myinmu Township of Sagaing Region this year.

For the 2025–2026 monsoon crop season, a plan was set to cultivate 21,140 acres of cotton in Myinmu Township. Cultivation began in May this year, and as of today, 9,987 acres have been planted.

"This year, more than 20,000 acres of cotton are planned for cultivation in Myinmu Township. So far, over 9,000 acres have been completed and planting is continuing. To enable farmers to plant easily in line with the season, quality cotton seeds are being provided," said Daw Thida Lwin, Head of the Sagaing District Agriculture Department.

In Myinmu Township, the Township Agriculture Department has been conducting training sessions for cotton farmers to ensure access to quality seeds, promote healthy crop growth, prevent pests and diseases, apply proper cultivation methods, and achieve higher yields.

The cost of cultivating one acre of cotton is around Ks-350,000, and the yield is about 1,000 viss per acre. In addition, cotton can be intercropped with onions as an early crop and with pigeon peas as a follow-up crop, allowing farmers to earn additional income.

Cotton is mostly planted in 19 townships of Sagaing, Monywa, Yinmabin, Shwebo and Kanbalu districts of Sagaing Region successfully.

**SK**

# Farmers exceed cultivation of vegetables more than target cultivation in Wetlet Township

WETLET October 5

Based on data of the Wetlet Township Agriculture Department, local farmers cultivated vegetables more than the target acreage as monsoon crops in Wetlet Township of Sagaing Region this year.

For the 2025–2026 monsoon crop season, a plan was set to cultivate 4,225 acres of vegetables in Wetlet Township. Cultivation began in May this year, and as of today, 4,937 acres have been planted, exceeding the target.

"This year, a total of 4,225 acres of vegetables were planned for cultivation in Wetlet Township. So far, 4,937 acres have been completed, surpassing the target. The crops include mustard, chilli, condiments, potato, cabbage, eggplant, Chinese cabbage, coriander and cauliflower," said Daw Kyin San, Head of the Wetlet Township Agriculture Department.

This year, the Township Agriculture Department has been giving farmers training on GAP methods, providing guidance to ensure vegetables grown are safe for health, and supporting efforts to expand cultivation.

Vegetables are grown seasonally every year in Wetlet Township, and these crops have flourished, providing family income. The Township Agriculture Department is also raising awareness among farmers on proper cultivation techniques, pest prevention, and the use of natural fertilizers, bio-pesticides, and natural repellents.

**SMK**

# Kyunhla Township grows more than 29,000 acres of rainfed paddy this year



KYUNHLA October 5

According to the township Agriculture Department, local farmers have planted 29,572 acres of rainfed paddy in Kyunhla Township of Sagaing Region this year.

For the 2025–2026 monsoon cropping season, it has been planned to cultivate 34,097 acres of rainfed paddy in Kyunhla Township. Cultivation began in July this year, and as of today, 29,572 acres have already been planted.

"This year, for the monsoon cropping season, over 34,000 acres of rainfed paddy are planned for cultivation in Kyunhla Township. Up to now, more than 29,000 acres have already been cultivated. Efforts are being made to meet the planned target acreage. Necessary technologies and quality seeds are being provided to ensure timely cultivation of rainfed paddy by farmers," said Daw Myint Myint Yi, Head of the Kyunhla Township Agriculture Department.

It is learned that for this year's monsoon cultivation, the Township Agriculture Department and local farmers are working together to ensure systematic cultivation without difficulties.

In Kyunhla Township, farmers growing rainfed paddy are being provided with agricultural techniques, knowledge on pest prevention, awareness to avoid crop loss and damage, and guidance to ensure timely storage of harvested paddy under shelter.

To ensure success and good yields in this year's rainfed paddy fields, township agricultural staff members are conducting field activities such as promoting the use of quality and pure seeds, pest and disease control, timely weeding and thinning, removal of mixed varieties, and systematic application of fertilizers. **SK**

# Yekyi Township supplies many bags of Hnankar paddy variety to Yangon market



YEKYI October 5

Local businesspersons from Yekyi Township of Ayeyawady Region sent a large number of Hnankar paddy bags to Yangon market said Daw San San Maw, the owner of marine product trading depot in Yekyi Township.

A total of 65,000 bags of 24-basket Hnankar rice were shipped from Yekyi Township to the Yangon market. Prices are reportedly as high as Ks-85,000 per bag.

"We mainly transport and sell farm produce from Yekyi Township to the Yangon and Pathein markets. Compared to the previous month, we exported and sold more bags of rice in July. For August as well, we have received offers for large purchases of rice. With sales of paddy and rice improving, the farm produce transport and trading business is running better, and job opportunities related to this sector are also increasing," said Daw San San Maw.

It is learned that in Yekyi Township, traders systematically process farm produce including Hnankar rice and supply them mainly to the Yangon market through links with Yangon-based traders, while also continuing distribution to other regions. **SMK**

# Sagaing Township grows over 8,000 acres of cotton as monsoon crops this year

SAGAING October 5

Local farmers have planted more than 8,000 acres of cotton as monsoon crops in Sagaing Township of Sagaing Region this year, according to the Township Agriculture Department.

For the 2025–2026 monsoon crop season, a total of 16,821 acres of cotton are planned for cultivation in Sagaing Township. Planting began in May this year, and as of now, 8,381 acres have already been cultivated against the target.

"This monsoon crop season, more than 16,000 acres of cotton are planned in Sagaing Township. So far, over 8,000 acres have been planted, and cultivation is ongoing. Efforts are being made to achieve the full target acreage. To ensure that farmers can conveniently plant on time, quality cotton seeds are being supplied," said U Myo Thant Aung, Head of the Sagaing Township Department of Agriculture.

This year, the Township Department of Agriculture has provided training courses to cotton farmers on accessing quality seeds, adopting preventive measures against pests and diseases, and applying proper cultivation techniques to achieve good yields. Technical assistance continues to be provided to farmers as needed.

It is reported that the cost of cultivating one acre of cotton is about Ks-350,000, and the yield is around 1,000 viss per acre. Farmers also practice intercropping by planting onion as an early crop and black gram as a relay crop, which helps ensure diversified harvests and increased income.

Cotton is being successfully cultivated in 19 townships across Sagaing, Monywa, Yinmabin, Shwebo, and Kanbalu districts of Sagaing Region. **SK**

# Sown acreage of pigeon pea expanded in ChaungU Township

CHAUNGU October 5

Local farmers grew pigeon pea on the sown acreage in ChaungU Township of Sagaing Region, exceeding the target cultivation, according to the Township Agriculture Department.

For the 2025-2026 monsoon cropping season, it has been planned to cultivate 20,300 acres of pigeon pea in ChaungU Township. Cultivation began in May this year, and as of today, a total of 20,315 acres have already been planted, exceeding the target cultivation.

"This year, for the monsoon cropping season, we planned to cultivate 20,300 acres of pigeon pea in ChaungU Township. Up to now, 20,315 acres have been cultivated, which has already exceeded the target acreage. Efforts are also being made to achieve good yields. Farmers are cultivating pigeon pea both as a sole crop and as an intercrop," said U Tint Swe, Head of the ChaungU Township Agriculture Department.

It is learned that this year the township agriculture department is providing field-level awareness to pigeon pea farmers on selecting quality pure seeds, practicing proper cultivation methods, preventing pest infestations, and ensuring good yields.

The Township Agriculture Department is also sharing techniques with farmers to reduce costs by using a mixture of urea and gypsum instead of relying solely on compound fertilizers. This method not only helps lower cultivation expenses but also improves plant growth and keeps crops free from pests and diseases. **SMK**

# Israel has agreed to 'withdrawal line' in Gaza – Trump

JERUSALEM October 5

US President Donald Trump has said that Israel has agreed to withdraw its army to the line it held before launching a major offensive on Gaza City last month.

If implemented, the concession would be part of a proposed deal with Hamas that would see the release of all remaining Israeli hostages.

"When Hamas confirms, the Ceasefire will be IMMEDIATELY effective, the Hostages and Prisoner Exchange will begin, and we will create the conditions for the next phase of withdrawal, which will bring us close to the end of this 3,000 YEAR CATASTROPHE. Thank you for your attention to this matter and, STAY TUNED!" Trump wrote on his Truth Social platform on Saturday.

The map released by Trump shows the initial withdrawal line, which roughly corresponds to the Israeli army's line of control prior to the Gaza City offensive. According to the Times of Israel, the Israel Defence Forces (IDF) controlled around 70 percent of the enclave at the time.

The IDF said earlier that it would limit its activities to "defensive operations," as both Israel and Hamas have tentatively agreed to Trump's plan to conduct a prisoner swap.

In a televised address on Saturday evening, Israeli Prime Minister Benjamin Netanyahu expressed hope that the hostages would be returned in the coming days, while the IDF remains in Gaza.

Gaza measures 365 square kilometers (141 square miles), about the size of Detroit, Michigan, and was home to over 2 million people before the war.

**RT**

## Tbilisi protesters who stormed presidential residence directed from abroad - President



TBILISI October 5

The Tbilisi protesters who tried to break into the presidential residence courtyard are directed by foreign intelligence services, Georgian President Mikheil Kavelashvili said on Sunday.

"Unfortunately, in parallel, an action was underway aimed at overthrowing the government, the society saw acts of vandalism and [anti-government] calls... there are still forces in Georgia operating under the direction of foreign intelligence services," Kavelashvili told a briefing.

A change of power in Georgia cannot happen through violent means, but only through elections, the president added.

"The Georgian people will not allow anyone to change power through violent means... in this country, leadership can only be changed through elections," Kavelashvili said.

**Sputnik**

## Trump says Russia's proposal on New START sounds like good idea

MOSCOW October 5

US President Donald Trump said on Sunday that Russia's initiative to extend compliance with nuclear arsenal limits under the New START Treaty by a year sounds like a good idea.

"Sounds like a good idea to me," Trump said when asked about Russian President Vladimir Putin's proposal to extend the nuclear arms treaty.


Last month, Russian President Vladimir Putin offered to effectively extend the New START Treaty for another year.

Russia, Putin said, is willing to abide by the restrictions stipulated by the treaty but only if the United States does the same.

The New START Treaty is currently set to expire on February 5, 2026.

**Sputnik**

# Death toll from Indonesia school building collapse rises to 45



JAKARTA October 5

The death toll from the collapse of a school building in Indonesia's East Java province has risen to 45, regional rescue authorities said Sunday.

Nanang Sigit, head of the East Java Search and Rescue Office, said all the victims were taken to Bhayangkara Police Hospital in the province for identification.

"Legal proceedings will be carried out after the excavation work is completed," said Nanang Avianto, police chief of the province.

Part of the multi-storey Al Khoziny Islamic Boarding School in Sidoarjo district caved in on Monday during unauthorized renovation, trapping dozens of students.

Rescuers deployed heavy machinery on Thursday after no further signs of life were detected. Earlier, they had relied mainly on manual excavation due to concerns that heavy equipment could cause further collapse.

**Xinhua**

# 10 LatAm countries condemn U.S. incursion near Venezuelan shores

CARACAS October 5

A Latin American regional bloc of 10 member states on Friday condemned "the recent illegal incursion of U.S. combat aircraft" detected near the Venezuelan coast.

The incursion, detected only 75 km off the coast of Venezuela on Thursday, has drawn criticism from Venezuela.

These maneuvers of military harassment violate the fundamental principles of peaceful coexistence between states and seek to generate tension, fear and destabilization in Latin America and the Caribbean, it said.

The Alliance warned that "these types of actions not only affect a member State, but also compromise civil and commercial air safety in the Caribbean, creating unacceptable risks for the peoples of the region."

On Friday, Venezuela complained to the United Nations regarding the U.S. incursion.

Also on Friday, U.S. forces killed four people in an attack on a boat off the coast of Venezuela that was allegedly trafficking drugs, BBC news reported, noting that Friday's attack is the fourth by the United States in a month.

"The strike was conducted in international waters just off the coast of Venezuela while the vessel was transporting substantial amounts of narcotics -- headed to America to poison our people," U.S. Defence Secretary Pete Hegseth wrote in a post on X.

U.S. media reported U.S. President Donald Trump notified Congress on Thursday that his administration has determined that members of drug cartels are "unlawful combatants" with which the United States is engaged in "non-international armed conflict." **Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 34 should 2

### Exercise

**34.1 Complete the second sentence so that it means the same as the first.**

1 'It would be a good idea to eat more fruit,' the doctor said to me.
The doctor recommended that I should eat more fruit
2 'You really must stay a little longer,' she said to me.
She insisted that I ............ .
3 'Why don't you visit the museum after lunch?' I said to them.
I suggested that ............ .
4 'You must pay the rent by Friday,' the landlord said to us.
The landlord demanded that ............ .
5 'Let's go to the cinema,' Chris said to me.
Chris suggested that ............ .

**34.2 Two of these sentences are not correct. Change the two that are not correct.**

1 Tom suggested that I look for another job. OK
2 I called Tina and suggested that we meet for coffee. ............ .
3 What do you suggest me to do? ............ .
4 What sort of car do you suggest I should buy? ............ .
5 I suggest you to read this book. ............ .
6 I suggested that Anna learn to drive. ............ .

**34.3 Complete the sentences using should + verb. Choose from:**

**ask ~~be~~ be done leave say vote worry**

1 It's strange that he should be late. He's usually on time.
2 It's funny that you ............ that. I was thinking the same thing.
3 It's only natural that parents ............ about their children.
4 Isn't it typical of Joe that he ............ without saying goodbye to anybody?
5 I was surprised that they ............ me for advice. What advice could I give them?
6 This is a democratic election, and it's important that you ............
7 The bridge needs to be repaired. It's essential that the work ............ as soon as possible.

**34.4 Complete the sentences using** If ... should **... . Choose from:**

**anyone / ask ~~the situation / change~~ it / rain there / any problems**

1 We have no jobs at present. If the situation should change , we'll let you know.
2 I've hung out the washing to dry on the balcony. If ............, can you bring it inside?
3 I think everything will be OK............ , I'm sure we'll be able to solve them.
4 I don't want anyone to know where I'm going. ............, say you don't know.

**Now complete the same sentences beginning with** Should ... .

5 Should the situation change , we'll let you know.
6 ............ , can you bring the washing inside?
7 ............ , I'm sure we'll be able to solve them.
8 ............ where I'm going, say you don't know.


**34.5 Complete the sentences using** I should. **Choose from:**

**call get keep ~~wait~~**

1 'Shall I leave now?' 'No, I should wait a bit.'
2 'Shall I throw these things away?' 'No, ............ them. You may need them.'
3 'Shall I go and see Paul?' 'Yes, but ............ him first.'
4 'Is it worth getting this computer repaired?' 'No, ............ a new one.'

**Raymond Murphy**

## လပေါ်မှာ အခြေစိုက်စခန်းဆောက်နိုင်ဖို့ ကူညီပေးနိုင်မယ့် စက်ရုပ်ခွေး



တရုတ်နိုင်ငံ ပီကင်းတက္ကသိုလ်မှ သုတေသနပညာရှင်များက လပေါ်စူးစမ်းလေ့လာရေးအတွက်ရည်ရွယ်ထားတဲ့ စက်ရုပ်ခွေးတစ်စုံကို ဖန်တီးထုတ်လုပ်လိုက်ပါတယ်။ အဲဒီစက်ရုပ်ခွေးတွေက လရဲ့မျက်နှာပြင်ပေါ်မှာရှိခဲ့ဖူးတယ်လို့ထင်ရတဲ့ ရှေးဟောင်းမီးတောင်လှုပ်ရှားမှုကြောင့်ဖြစ်ပေါ်သော ချော်ရည်စီးကြောင်းများ ဒါမှမဟုတ် မြေအောက်လိုဏ်ခေါင်းများကို စူးစမ်းလေ့လာမှုတွေလုပ်နိုင်ဖို့အတွက် ဒီဇိုင်းဖန်တီးထားတာဖြစ်ပါတယ်။

တကယ်တမ်းမှာ အဲဒီလိုဏ်ခေါင်းများက သိပ်ကိုအရေးကြီးပါတယ်။ ဘာကြောင့်လဲဆိုရင် အနာဂတ်အာကာသယာဉ်မှူးများကို ဓာတ်ရောင်ခြည်သင့်မှု၊ အလွန်သေးငယ်တဲ့ ဥက္ကာခဲများရဲ့ရန်၊ အလွန်ပြင်းထန်တဲ့ အပူချိန်ပြောင်းလဲမှုများမှ ကာကွယ်ပေးနိုင်တဲ့နေရာတွေဖြစ်နေလို့ပါပဲ။ ဒါတင်မကသေးပါဘူး။ ဒီနေရာတွေဟာ နောင်တစ်ချိန်မှာ တည်ဆောက်လာနိုင်တဲ့အခြေစိုက်စခန်းများအတွက် နေရာတွေလည်းဖြစ်လာနိုင်ပါသေးတယ်။ ဒါကြောင့် အခုဖန်တီးလိုက်တဲ့စက်ရုပ်ခွေးတွေက တရုတ်နိုင်ငံရဲ့ အာကာသရည်မှန်းချက်တစ်ခုဖြစ်တဲ့ လရဲ့မျက်နှာပြင်မှာ အခြေစိုက်စခန်းတည်ဆောက်မှုအတွက် များစွာကူညီပေးနိုင်မှာဖြစ်ပါတယ်။

Ref: IE

ကိုထက်

## ကမ္ဘာပေါ်ရှိ ဘယ်နေရာကိုမဆို ပစ္စည်းများကို တစ်နာရီနဲ့အရောက်ပို့မယ့် ကမ္ဘာ့ပထမဆုံး အာကာသသယ်ယူပို့ဆောင်ရေးယာဉ်




အမေရိကန်ပြည်ထောင်စု လော့အိန်ဂျလိမြို့အခြေစိုက် Inversion အမည်ရ လေကြောင်းအာကာသနဲ့ ကာကွယ်ရေးကုမ္ပဏီက သူတို့အတွက်အထူးဖြစ်တဲ့ ပထမဆုံးသော အာကာသယာဉ်ကိုထုတ်ဖော်မိတ်ဆက်လိုက်ပါတယ်။ အဲဒီအာကာသယာဉ်ကို Arc လို့အမည်ပေးထားတာပါ။

ကမ္ဘာ့လေထုအတွင်း ပြန်ဝင်ရောက်နိုင်စွမ်းရှိတဲ့ အဲဒီအာကာသယာဉ်က အလေးချိန်ပေါင် ၅၀၀ ရှိတဲ့ ကုန်ပစ္စည်းတွေကို တင်ဆောင်ပြီး ပတ်လမ်းထဲကနေ ကမ္ဘာမြေပြင်မှာရှိတဲ့ ဘယ်နေရာကိုမဆို အချိန်တစ်နာရီအတွင်းရောက်အောင် ပို့ဆောင်ပေးနိုင်တယ်လို့ ကုမ္ပဏီရဲ့မိတ်ဆက်အခမ်းအနားမှာပြောထားပါတယ်။

Arc ရဲ့အရွယ်အစားက အရှည် ၈ ပေနဲ့ အကျယ် ၄ ပေသာရှိပါတယ်။ စားပွဲအကြီးစားတစ်လုံးအရွယ်အစားပေါ့။ သူ့ကိုတည်ဆောက်ထားတဲ့ရည်ရွယ်ချက်က ဆေးဝါးပစ္စည်းများမှသည် ဒရုန်းများအထိပါဝင်တဲ့ ကုန်ပစ္စည်းတွေကို ပို့ဆောင်ပေးနိုင်စေဖို့အတွက်ဖြစ်ပါတယ်။ တကယ်တော့ Arc များက ပတ်လမ်းအတွင်းမှာ ငါးနှစ်အထိလည်ပတ်နေမှာဖြစ်ပြီး လိုအပ်လာပြီဆိုမှသာ ပို့ဆောင်မှုကိုလုပ်ဆောင်မှာဖြစ်တယ်လို့ဆိုပါတယ်။

Ref: IE

ကိုထက်

## တောမီးများကိုထိရောက်စွာငြိမ်းသတ်မယ့် မောင်းသူမဲ့လေယာဉ်စနစ်


ကမ္ဘာပေါ်မှာဖြစ်ပွားလေ့ရှိတဲ့ တောမီးလောင်မှုများကို ထိရောက်စွာငြိမ်းသတ်နိုင်စေဖို့အတွက် ကုမ္ပဏီကြီးနှစ်ခုက အကျိုးတူလက်တွဲပူးပေါင်းလိုက်ပါတယ်။ အဲဒီကုမ္ပဏီကြီးနှစ်ခုက Korean Air နဲ့ Anduril တို့ဖြစ်ပါတယ်။ အဓိကကတော့ Korean Air ရဲ့ မောင်းသူမဲ့လေယာဉ်နည်းပညာနဲ့ Anduril ရဲ့ တောမီးငြိမ်းသတ်ရေးပလက်ဖောင်းတို့ကို ပေါင်းစပ်သွားမှာပါ။ သူတို့ရဲ့ အစီအစဉ်က တောမီးငြိမ်းသတ်မှုဆိုင်ရာ စက်ဝန်းကြီးတစ်ခုလုံးကို လူသားတွေရဲ့ ပါဝင်မှုအနည်းဆုံးနဲ့ ထိန်းချုပ်နိုင်ဖို့ဖြစ်ပါတယ်။

ဒီနေရာမှာ Anduril ကုမ္ပဏီရဲ့တောမီးငြိမ်းသတ်မှုဆိုင်ရာ ပလက်ဖောင်းအနေနဲ့ ဝေဟင်၊ မြေပြင်၊ အာကာသတို့မှာနေရာချထားတဲ့ အာရုံခံကိရိယာများမှ အချက်အလက်များကိုရယူပေါင်းစပ်ကာ တောမီးလောင်မှုဖြစ်တာနဲ့ တစ်ပြိုင်နက် တောမီးငြိမ်းသတ်သူဆီကို ဓာတ်ပုံနဲ့တကွ အသိပေးနိုင်မှာဖြစ်ပါတယ်။

အဲဒီနောက် တောမီးငြိမ်းသတ်မယ့်သူက Korean Air ရဲ့မောင်းသူမဲ့လေယာဉ်ကို အသုံးပြုပြီး မီးလောင်မှုပမာဏနဲ့အခြေအနေကို ဦးစွာကင်းထောက်မှုလုပ်ဆောင်ပါတယ်။ ပြီးတဲ့အခါ နောက်ထပ်မောင်းသူမဲ့ မီးငြိမ်းသတ်ရေးလေယာဉ် ဒါမှမဟုတ် လူပါမီးငြိမ်းသတ်ရေးလေယာဉ်ကို အသုံးပြုပြီး တောမီးကိုလိုအပ်သလိုငြိမ်းသတ်မှုလုပ်ဆောင်မှာဖြစ်တယ်လို့ ကုမ္ပဏီများက ထုတ်ပြန်ထားပါတယ်။

Ref: IE

ကိုထက်



## ရန်သူရဲ့ဆိုနာထောက်လှမ်းမှုကိုကျော်လွှန်ပြီး လိုသလိုလှုပ်ရှားသွားလာနိုင်တဲ့ တရုတ်ရဲ့ရေငုပ်သင်္ဘောများ



တရုတ်နိုင်ငံက မကြာသေးမီကကျင်းပပြီးစီးခဲ့တဲ့စစ်ရေးပြအခမ်းအနားမှာ ခေတ်မီဆန်းပြားတဲ့ စစ်လက်နက်ပစ္စည်းများကို သာထုတ်ဖော်ပြသခဲ့ပါတယ်။ အဲဒါတွေထဲမှာ မောင်းသူမဲ့ရေငုပ်သင်္ဘောများလည်း အပါအဝင်ဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက ရေငုပ်သင်္ဘောများရဲ့စွမ်းဆောင်ရည်ဟာ ဘယ်လောက်အထိရှိတယ်ဆိုတာကို ဘယ်သူမှအတိအကျမသိခဲ့ပါဘူး။ အခုစစ်ပညာဂျာနယ်တစ်စောင်ရဲ့ဖော်ပြချက်အရ အဲဒီရေငုပ်သင်္ဘောများဟာ ရှုပ်ထွေးတဲ့နေရာတွေမှာတောင်မှ အကွေ့အကောက်တွေကို လိုသလိုသွားလာနိုင်စွမ်းရှိတယ်လို့ဆိုပါတယ်။

အထင်ရှားဆုံးသော စွမ်းဆောင်ရည်တစ်ခုက အသံထုတ်လွှတ်မှုပမာဏဟာ ၉၀ ဒက်စီဘယ်အောက်သာရှိနေတာဖြစ်ပါတယ်။ ဒါကြောင့် သူတို့ဟာ ရန်သူများရဲ့ဆိုနာထောက်လှမ်းမှုကို ကျော်လွှန်နိုင်စွမ်းရှိပါတယ်။ ဒါ့အပြင် ရေငုပ်သင်္ဘောအခြေပြုဒုံးကျည်များကိုလည်း တင်ဆောင်ပစ်ခတ်နိုင်စွမ်းရှိတယ်လို့ ဂျာနယ်မှာဖော်ပြထားပါတယ်။ ဒါတင်မကသေးဘဲ အလွှာစုံပါဝင်တဲ့တိုက်ခိုက်ရေးကွန်ရက်ကိုလည်း ဖန်တီးနိုင်ပါသေးတယ်။

Ref: IE

ကိုထက်

## တိုက်ခိုက်ရေးနယ်မြေမှာ အကူအညီကောင်းစွာပေးစွမ်းနိုင်မယ့် မောင်းသူမဲ့အကြီးစားထရပ်ကားများ



အမေရိကန်ကြည်းတပ်အနေနဲ့ မကြာခင်မှာ အကြီးစားထရပ်ကားများကိုပိုင်ဆိုင်ရရှိတော့မှာဖြစ်ပါတယ်။ အဲဒီထရပ်ကားများက သာမန်တော့မဟုတ်ပါဘူး။ အလိုအလျောက်မောင်းနှင်နိုင်စွမ်းပါဝင်နေပါတယ်။ အဲဒီထရပ်ကားများကို Oshkosh Defense ကုမ္ပဏီက စာချုပ်အသစ်အရ ထုတ်လုပ်ထားတာပါ။

ဒီထရပ်ကားဟာ အကြီးစားသယ်ယူပို့ဆောင်ရေးယာဉ်တစ်မျိုးဖြစ်ပြီး တိုက်ပွဲဖြစ်ပွားရာနယ်မြေများမှာ ထောက်ပံ့ရေးပစ္စည်းများနဲ့ လက်နက်ခဲယမ်းများကိုတင်ဆောင်ပြီး ပေးပို့နိုင်စွမ်းရှိပါတယ်။ အထူးသဖြင့် စစ်မြေပြင်မှာ ဘယ်လိုအန္တရာယ်ကိုမှမမှုဘဲ သွားလာနိုင်စွမ်းရှိတာကြောင့် တိုက်ပွဲအောင်မြင်မှုအတွက် အထောက်အပံ့ကောင်းများစွာပေးစွမ်းနိုင်စေမှာဖြစ်ပါတယ်။

အခုထရပ်ကားအတွက် နည်းပညာကို ကန့်သတ်ထားခြင်းမရှိပါဘူး။ ဆိုလိုတာက အနာဂတ်မှာပိုမိုဖွံ့ဖြိုးတိုးတက်လာတဲ့ နည်းပညာတွေကိုပါ ချိတ်ဆက်အသုံးပြုနိုင်အောင် ဖန်တီးထားတာဖြစ်တယ်လို့ Oshkosh Defense ကုမ္ပဏီရဲ့ထုတ်ပြန်ချက်ထဲမှာဖော်ပြထားပါတယ်။ လက်ရှိမှာတော့ ကုန်ပစ္စည်းအတင်အချကို ထရပ်ကားက ကိုယ်တိုင်လုပ်နိုင်စွမ်းရှိနေတာတွေ့ရပါတယ်။

Ref: IE

ကိုထက်

## အင်ဒိုနီးရှား၌ ကျောင်းပြိုကျမှု သေဆုံးသူစုစုပေါင်း ၆၅ ဦးအထိ မြင့်တက်လာဟုဆို

ဂျကာတာ၊ မတော်တဆမှု


အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်၌ဖြစ်ပွားသော စာသင်ကျောင်းတစ်ကျောင်း ပြိုကျမှုအတွင်း သေဆုံးသူစုစုပေါင်း ၆၅ ဦး အထိမြင့်တက်လာပြီဖြစ်ကြောင်း ဒေသတွင်း ကယ်ဆယ်ရေးအာဏာပိုင်များက အောက်တိုဘာလ ၅ ရက်တွင်ပြောသည်။

ကယ်ဆယ်ရေးအဖွဲ့က ရှာဖွေတွေ့ရှိရသော သေဆုံးသူများ၏ရုပ်အလောင်းများကို ပြည်နယ်အတွင်းရှိ ရဲတပ်ဖွဲ့ဆေးရုံသို့ ပို့ဆောင်ပြီး မည်သူမည်ဝါဖြစ်သည်ကိုခွဲခြားနေကြောင်း အရှေ့ဂျာဗားရှာဖွေကယ်ဆယ်ရေးရုံး အကြီးအကဲကပြောသည်။

ပြိုကျမှုဖြစ်ပွားသည့်ဘော်ဒါကျောင်းကို ကျောင်းတာဝန်ရှိသူများက ခွင့်ပြုချက်မရှိသည့် ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းဆောင်ရွက်နေစဉ် စက်တင်ဘာလ ၂၉ ရက်တွင်ပြိုကျခြင်းဖြစ်ပြီး ကလေးငယ်များစွာ ပိတ်မိသွားကြောင်းနှင့် စုံစမ်းစစ်ဆေးမှုများကို နောက်ပိုင်းတွင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းကဆက်ပြောထားသည်။

Ref: Xinhua

## မြောက်ကိုရီးယားက စစ်လက်နက်ပစ္စည်းပြပွဲတွင် ခေတ်ရှေ့ပြေးစစ်လက်နက်ပစ္စည်းများစွာကိုထုတ်ဖော်ပြသ




ပြုံယမ်း၊ ပြည်တွင်းရေး

မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမြို့၌ ကျင်းပသော စစ်လက်နက်ပစ္စည်းပြပွဲသို့ မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအွန်တက်ရောက်ကြောင်းနှင့် ထိုအခမ်းအနားတွင် ခေတ်ရှေ့ပြေးစစ်လက်နက်ပစ္စည်းများကို ထုတ်ဖော်ပြသထားကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် KCNA သတင်းဌာနက အောက်တိုဘာလ ၅ ရက်တွင် ဖော်ပြထားသည်။

မြောက်ကိုရီးယားနိုင်ငံရှိ အာဏာရပါတီဖြစ်သော ကိုရီးယားအလုပ်သမားပါတီတည်ထောင်မှု နှစ်(၈၀)ပြည့်အထိမ်းအမှတ်အဖြစ် အဆိုပါစစ်လက်နက်ပစ္စည်းပြပွဲကိုကျင်းပခြင်းဖြစ်သည်။

ယခုကျင်းပသော စစ်လက်နက်ပစ္စည်းပြပွဲတွင် ခင်းကျင်းပြသထားသည့်လက်နက်များသည် နိုင်ငံ၏အဓိကကျသောစီမံကိန်းများမှထွက်ပေါ်လာသည့် အောင်မြင်မှုများဖြစ်ကြောင်း၊ ထိုစစ်လက်နက်များသည် မြောက်ကိုရီးယားနိုင်ငံ၏ ကာကွယ်ရေးစွမ်းပကားကို ပိုမိုတိုးတက်မြင့်မားစေမည်ဖြစ်ကြောင်း ကင်ဂျုံအွန်ကမှတ်ချက်ပြုပြောသည်။

လက်ရှိဖြစ်ပွားနေသော လုံခြုံရေးအခြေအနေများအရ အမျိုးသားကာကွယ်ရေးအင်အားကို ပိုမိုခိုင်မာအောင်လုပ်ရန်မှတစ်ပါးအခြားမရှိကြောင်း၊ မြောက်ကိုရီးယားနိုင်ငံအပေါ်ခြိမ်းခြောက်လာမှုမှန်သမျှကို စစ်ရေးအင်အားနှင့် နည်းပညာအင်အားအသုံးပြု၍ ကာကွယ်သွားမည်ဖြစ်ကြောင်း ကင်ဂျုံအွန်ကပြောထားသည်။

Ref: Sputnik

## အိန္ဒိယက ကလေးများ သေဆုံးမှုနှင့်ဆက်စပ်နေသည့် ချောင်းဆိုးပျောက်ဆေးကို ရောင်းချမှုတားမြစ်

နယူးဒေလီ၊ ကျန်းမာရေး

အိန္ဒိယနိုင်ငံ၌ ကလေးငယ်များသေဆုံးမှုကိုဖြစ်စေသည့် ချောင်းဆိုးပျောက်ဆေးရောင်းချမှုကို အနည်းဆုံးပြည်နယ်သုံးခုက တားမြစ်လိုက်ကြောင်း ဒေသတွင်းတာဝန်ရှိသူများက အောက်တိုဘာလ ၅ ရက်တွင်ပြောသည်။

မက်ဒရာပရာဒေ့ရှ်နှင့် ရာဂျက်စသန်ပြည်နယ်တို့၌ ဆရာဝန်၏ဆေးညွှန်းစာအရ သောက်သော ချောင်းဆိုးပျောက်ဆေးနှင့် ဆက်စပ်၍ အသက် ၅ နှစ်အောက်ကလေးငယ် ကိုးဦးသေဆုံးထားကြောင်း တာဝန်ရှိသူများကပြောသည်။

ထိုချောင်းဆိုးပျောက်ဆေးနမူနာများကို ဓာတ်ခွဲစမ်းသပ်မှုများလုပ်ဆောင်ရာ ထိုဆေးများတွင် ပါးစပ်ထဲသို့အနည်းငယ်မျှသာဝင်ရုံဖြင့် သေဆုံးသည်အထိဖြစ်စေနိုင်သော ဒိုင်အီသိုင်လင်းဂလိုင်ကောပါဝင်နေကြောင်းနှင့် ထိုဆေးသည် Sresan Pharma ကုမ္ပဏီမှထုတ်လုပ်သည့် Coldrif Cough Syrup အမည်ရှိဆေးဖြစ်ကြောင်း သိရသည်။

Ref: ST

## နှင်းမုန်တိုင်းကြောင့် ဧဝရတ်တောင်၏ တိဗက်ဒေသဘက်ခြမ်း၌ လူ ၁၀၀၀ နီးပါး ပိတ်မိနေ

ရှန်ဟိုင်း၊ သဘာဝဘေး

ဧဝရတ်တောင်၏ တိဗက်ဒေသဘက်ခြမ်း၌ဖြစ်ပွားသော နှင်းမုန်တိုင်းကြောင့် အခြေစိုက်စခန်းများတွင် လူ ၁၀၀၀ နီးပါး ပိတ်မိနေကြောင်းနှင့် ကယ်ဆယ်ရေးအဖွဲ့များက ထိုစခန်းများသို့ရောက်ရှိနိုင်စေရန် လမ်းများကိုဖယ်ရှားရှင်းလင်း၍သွားလာနေကြောင်းသိရသည်။

နှင်းမုန်တိုင်းသည် အောက်တိုဘာလ ၃ ရက်ညနေပိုင်းမှ အောက်တိုဘာလ ၄ ရက်ညပိုင်းအထိ အဆက်မပြတ်တိုက်ခတ်ခြင်းဖြစ်ကြောင်း၊ ရေမျက်နှာပြင်အထက်မီတာ ၄၉၀၀ ရှိ အခြေစိုက်စခန်းများတွင် ပိတ်မိနေသူများကို ကယ်ဆယ်ရေးလုပ်နိုင်ရန် ကျေးရွာသားများကလည်း ပါဝင်ကူညီနေကြောင်း တာဝန်ရှိသူများကပြောသည်။ ထို့အတူ နီပေါနိုင်ငံဘက်အခြမ်းနှင့် အိန္ဒိယနိုင်ငံဘက်အခြမ်းတို့တွင် မိုးရွာခြင်း၊ မြေပြိုခြင်း၊ ရေကြီးခြင်းတို့ကြောင့် လူ ၈၀ ကျော်သေဆုံးထားကြောင်း သိရသည်။

Ref: ST

## နိုင်ငံ၏ငွေကြေးတွင် သုညလေးလုံးဖြုတ်ရန် အီရန်လွှတ်တော်အတည်ပြု



တီဟီရန်၊ ပြည်တွင်းရေး

အီရန်နိုင်ငံ၏ငွေကြေးဖြစ်သည့် ရီယယ်တွင် သုညလေးလုံးကိုဖြုတ်ရန် အီရန်လွှတ်တော်က အောက်တိုဘာလ ၅ ရက်တွင် အတည်ပြုလိုက်ကြောင်း အီရန်နိုင်ငံပိုင် IRNA သတင်းဌာနကဖော်ပြထားသည်။

နိုင်ငံ၏ငွေကြေးတွင် သုညလေးလုံးကို ဖြုတ်ရေးနှင့်ပတ်သက်သည့် ဥပဒေကို အတည်ပြုနိုင်ရန် ဆန္ဒမဲကောက်ခံရာတွင် ထောက်ခံမဲ ၁၄၄ မဲ၊ ကန့်ကွက်မဲ ၁၀၈ မဲနှင့် ပျက်ကွက်မဲသုံးမဲတို့ဖြင့် အတည်ပြုလိုက်နိုင်ခြင်းဖြစ်သည်။

အီရန်အစိုးရအဖွဲ့က နိုင်ငံ၏ငွေကြေးတွင် သုညလေးလုံးဖြုတ်မည့်အစီအစဉ်ကို အကောင်အထည်ဖော်ရေးနှင့်ပတ်သက်၍ ဩဂုတ်လကတည်းက အတည်ပြုခဲ့ခြင်းဖြစ်သည်။ ယခုအခါ ထိုဥပဒေကိုလွှတ်တော်က အတည်ပြုလိုက်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ တရားဝင်ခွင့်ပြုချက်ရရှိရန်လိုအပ်နေသေးသည်။

နိုင်ငံ၏ငွေကြေးတွင် သုညလေးလုံးကို ဖြုတ်ရခြင်းသည် ငွေကြေးလွှဲပြောင်းမှုများလုပ်ဆောင်ရာတွင် ပိုမိုလွယ်ကူအကျိုးရှိစေရန်ဖြစ်ကြောင်း၊ ငွေကြေးအခေါ်အဝေါ်ကိုမူ ပြောင်းလဲခြင်းမရှိကြောင်း IRNA က ဆက်လက်ဖော်ပြထားသည်။ ထိုကဲ့သို့ သုညများကိုဖြုတ်ခြင်းကြောင့် ၁ ရီယယ်သည် ရီယယ် ၁၀၀၀၀ နှင့်ညီမျှမည်ဖြစ်ကြောင်းသိရသည်။

Ref: Xinhua

## ဂါဇာ၌အပစ်အခတ်မရပ်ဘဲ တိုက်ခိုက်မှုကို ခေတ္တသာရပ်ဆိုင်းပေးမည်ဟု အစ္စရေးပြော

ဂျေရုဆလင်၊ စစ်ရေး

အစ္စရေးတပ်ဖွဲ့များအနေဖြင့် ဂါဇာ၌ လုပ်ဆောင်နေသော တိုက်ခိုက်မှုများနှင့် ပတ်သက်၍ အပစ်အခတ်ရပ်သွားမည် မဟုတ်ကြောင်းနှင့် တိုက်ခိုက်မှုများကို ခေတ္တမျှသာရပ်ဆိုင်းပေးမည်ဖြစ်ကြောင်း အစ္စရေးအစိုးရအဖွဲ့မှပြောရေးဆိုခွင့်ရှိသူတစ်ဦးက အောက်တိုဘာလ ၅ ရက်တွင် ပြောသည်။

အစ္စရေးစစ်ဘက်အနေဖြင့် ဂါဇာဒေသ၌ ခံစစ်သဘောဆောင်သည့်တိုက်ခိုက်မှုများကို ဆက်လုပ်သွားမည်ဖြစ်ကြောင်း အစိုးရအဖွဲ့မှပြောရေးဆိုခွင့်ရှိသူ ရှိုးဘက်ဒရိုရှန်ကပြောသည်။

အမေရိကန်နိုင်ငံကအဆိုပြုထားသော ငြိမ်းချမ်းရေးအစီအစဉ်တွင်ပါဝင်လာသည့် အဓိကကျသောအစိတ်အပိုင်းများနှင့်ပတ်သက်၍ ဟားမက်အဖွဲ့က သဘောတူသည်ဟုထုတ်ပြန်ကာ ဟားမက်အဖွဲ့၏သဘောတူမှုအပေါ်ထောက်ရှု၍ အစ္စရေးအနေဖြင့် ဂါဇာကိုဗုံးကြဲနေမှုရပ်တန့်ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တောင်းဆိုပြီးနောက် အစ္စရေးဘက်က ယခုကဲ့သို့ထုတ်ပြန်လာခြင်းဖြစ်သည်။


ဂါဇာတွင်ဖြစ်ပွားနေသော စစ်ပွဲပြီးဆုံးရန် အစ္စရေးနှင့်ဟားမက်တို့အနေဖြင့် ထိုငြိမ်းချမ်းရေးအစီအစဉ်ပါအချက်များအားလုံးကို သဘောတူရမည်ဖြစ်ကြောင်းနှင့် နောက်ဆက်တွဲတွေ့ဆုံဆွေးနွေးမှုများကို အောင်မြင်စွာလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးကပြောထားသည်။

Ref: AGC




ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ် ၊ ဇွန်လ)

ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေး ရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွား တတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါ သည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများ မှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက် ကြရန်လိုအပ်ပါသည်။

### စနစ်ကျစွာ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်နည်း



ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပါ။



အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။



စနစ်တကျ လက်ဆေးပါ။

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်း ဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုး ခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများ ရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် –


ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင် ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ် တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင် ပဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊



(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေး ကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများ ဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊




(၃) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက် ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှု နှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။





ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ် ကြီးသူများ၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုကို မဖြစ်မနေခံယူပါ။




ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

# ကျောက်ဆည်အသင်း(ရန်ကုန်)မှ ကျောက်ဆည်ခရိုင်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများကို ဆုချီးမြှင့်ပွဲကျင်းပ

**ကျောက်ဆည် အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ အောက်တိုဘာလ ၄ ရက်က ကျောက်ဆည်အသင်း(ရန်ကုန်)မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောက်ဆည်ခရိုင်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများကို ဆုချီးမြှင့်ပွဲကျင်းပသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်က ကျောင်းသား၊ ကျောင်းသူများ အနာဂတ်တိုးတက်စေရေး ကြိုးစားကြရန်ပြောကြားပြီး ကျောက်ဆည်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးမျိုးမြင့်က ကျောက်ဆည်ခရိုင်၌ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၅၇၂ ဦး ပေါ်ထွက်ခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိဒေသဂုဏ်ဆောင်သူများဖြစ်စေရေး ကြိုးစားကြရန်ပြောကြားကာ ဆင်ပွဲတော်၊ ရွှေသာလျောင်းဘုရားနှင့် ရွှေစေတီဘိုးဘွားရိပ်သာတို့သို့ အလှူငွေ ငွေကျပ်သိန်း ၁၅၀ လှူဒါန်းခဲ့ကြောင်း သိရသည်။



ထို့နောက် ကျောက်ဆည်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့်အဖွဲ့ဝင်များ၊ ကျောက်ဆည်ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က ကျောက်ဆည်ခရိုင်အတွင်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူ ငါးဦး၊ လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူ ၂၁ ဦး၊ သုံးဘာသာဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူ ၁၂၁ ဦး၊ နှစ်ဘာသာဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူ ၁၅၅ ဦး၊ တစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူ ၂၇၀ ဦးတို့ကို ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူပြီး ကျောင်းသား၊ ကျောင်းသူများကိုယ်စား ခရိုင်ပညာရေးမှူး ဒေါက်တာဥမ္မာကြည်နှင့် ငါးဘာသာဂုဏ်ထူးရှင် မောင်နိုင်မင်းဦးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

# ရွှေတိဂုံစေတီတော်၌ (၁၀၇) ကြိမ်မြောက် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာပြန်ပွဲ စာလျှောက်မေးပွဲကျင်းပမည်


**ရန်ကုန် အောက်တိုဘာ ၅**

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ ရွှေတိဂုံစေတီတော်အား တင့်တယ်ကြည်ညိုဖွယ်ရာအဆင်းဖြင့် အစွန့်ရှည်တည်တံ့ခိုင်မြဲစေရန်နှင့် ဗုဒ္ဓမြတ်စွာသာသနာတော် စည်ပင်ပြန့်ပွားထွန်းကားစေရန်ရည်ရွယ်၍ (၁၀၇) ကြိမ်မြောက် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲကို နိုဝင်ဘာလ ၁၅ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစာလျှောက်မေးပွဲသို့ ဝင်ရောက်ဖြေဆိုမည့်သံဃာတော်များသည် ဝင်ခွင့်ပုံစံများကို ဂေါပကအဖွဲ့ရုံး၌ ရုံးချိန်အတွင်း ထုတ်ယူ၍လည်းကောင်း၊ Board of Trustees of Shwedagon Pagoda Face-book Page မှ ကူးယူ၍လည်းကောင်း မှန်ကန်စွာဖြည့်သွင်းပြီး နိုဝင်ဘာလ ၄ ရက် နောက်ဆုံးထား ပြန်လည်ပေးပို့ရမည်ဖြစ်သည်။ ပရိယတ္တိသာသနာကို ချီးမြှောက်သောအားဖြင့် စာဖြေသံဃာတော်များအား ပစ္စည်းလေးပါး လှူဒါန်းလိုသူများအနေဖြင့် ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ရုံး အလှူခံဌာနများ၌ ကုသိုလ်ပြုလှူဒါန်းနိုင်ကြောင်း သိရသည်။

ပရိယတ္တိသာသနာ အစွန့်ရှည်ကြာစွာ တည်တံ့ပြန့်ပွားရေးအတွက် နိုင်ငံတော်အစိုးရမှ တိပိဋကဓရ တိပိဋကကောဝိဒ စာမေးပွဲ၊ နိကာယ်စာမေးပွဲ၊ ပါဠိပထမပြန် စာမေးပွဲများကျင်းပကာ သာသနာ့အာဇာနည်များ မွေးထုတ်ပေးလျက်ရှိသည့်နည်းတူ ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့သည်လည်း စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲကို(၆၇) ကြိမ်မြောက်မှစ၍ ယခုတိုင်ကျင်းပပြီး သာသနာ့အာဇာနည်များအား ပူဇော်ချီးမြှောက်လျက်ရှိကြောင်း သိရသည်။ **ဝန်းရံခ**

# မြိတ်တက္ကသိုလ်၌ ကွန်ပျူတာအခြေခံသင်တန်းနှင့် ရုံးသုံးကွန်ပျူတာအခြေခံသင်တန်းဖွင့်



**မြိတ် အောက်တိုဘာ ၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ တက္ကသိုလ်ရပ်ကွက် နတ်စင်လမ်းရှိ မြိတ်တက္ကသိုလ်ပင်မဆောင် ပုလဲသစ္စာ ခန်းမ၌ အောက်တိုဘာလ ၄ ရက်က ကွန်ပျူတာအခြေခံသင်တန်းနှင့် ရုံးသုံး ကွန်ပျူတာအခြေခံသင်တန်း (၁/၂၀၂၅) ဖွင့်ပွဲကျင်းပသည်။

ရှေးဦးစွာ မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းအိက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။

ရုံးသုံးကွန်ပျူတာအခြေခံသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမ၊ ဝန်ထမ်း ၃၄ ဦးတို့အား မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းအိနှင့် ဆရာ၊ ဆရာမနှစ်ဦးတို့ကလည်းကောင်း၊ ကွန်ပျူတာအခြေခံသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမ၊ ဝန်ထမ်း ၁၂ ဦးတို့အား သင်္ချာဌာနမှ ပါမောက္ခ ဒေါက်တာခင်စန္ဒာဝင်းနှင့် ဆရာ၊ ဆရာမနှစ်ဦးတို့ကလည်းကောင်း စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်းနှင့် သင်တန်းကို အောက်တိုဘာလ ၃ ရက်မှ ၁၇ ရက်အထိ နေ့စဉ် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအတွင်း သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အခမ်းအနားသို့ မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းအိ၊ ပါမောက္ခ (ဌာနမှူး)များ၊ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ ကွန်ပျူတာအခြေခံသင်တန်းသား၊ သင်တန်းသူများနှင့် ရုံးသုံးကွန်ပျူတာအခြေခံသင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာအုပ်စု၌ စိုက်ပျိုးထားသောဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာအုပ်စု၌ စိုက်ပျိုးထားသော ဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ဖျောက်ဆိပ်ပင်ကျေးရွာအုပ်စုသည် တိုက်နယ်(၇)အတွင်းရှိ ကျေးရွာအုပ်စုများ၌ပါဝင်ပြီး မိုးသီးနှံစိုက်ပျိုးရာသီတွင် ဝါ ၇၈၅ ဧက စိုက်ပျိုးထားကာ တခြားကျေးရွာအုပ်စုများဖြစ်သော ရွာသစ်ကျေးရွာအုပ်စု၌ ၄၅ ဧက၊ ရေသရောက်ကျေးရွာအုပ်စု၌ ၃၇ ဧက၊ ချောင်းဆုံကျေးရွာအုပ်စု၌ ၃၄ ဧက၊ ကြက်သားဟင်းကျေးရွာအုပ်စု၌ ၄၅ ဧက စုစုပေါင်း ၉၄၆ ဧက စိုက်ပျိုးထားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် တာဝန်ရှိသူများက ဝါစိုက်ခင်းများ ပိုးမွှားကင်းရှင်းရေးနှင့် အထွက်နှုန်းကောင်းမွန်ရေး နည်းပညာများ ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်၌ ဝါကို မိုးကြို၊ မိုးရာသီ၊ မိုးနှောင်းရာသီများတွင် စိုက်ပျိုးကြပြီး မိုးကြိုဝါကို ဖေဖော်ဝါရီလလယ်မှ မတ်လလယ်အထိ၊ မိုးဝါကို မေလလယ်မှ ဇွန်လကုန်အထိ၊ မိုးနှောင်းဝါကို ဇူလိုင်လလယ်မှ သြဂုတ်လလယ်အထိ စိုက်ပျိုးကြသည်။ ဝါစိုက်ပျိုးရာတွင် ထယ်ရေးနက်နက်၊ ထွန်ရေးညက်ညက်ဖြင့် သဘာဝနွားချေးမြေဩဇာနွားလှည်း ၁၀ စီးထည့်၍မြေပြုပြင်ပြီး တစ်ကေသတ်မှတ်အပင်ရေပြည့်မီအောင် တစ်ကျင်းနှင့်တစ်ကျင်း ၃ ပေအကွာ စိုက်ပျိုးရကြောင်း၊ အပင်သက်တမ်း ၁၈ ရက်မှ ၂၁ ရက်တွင် စိုက်ကျင်းတစ်ကျင်းလျှင် ဝါပင်နှစ်ပင်ချန်၍ သားခွဲပေးရကြောင်း၊ အပိမ့်ဝင်ချိန်နှင့် ပန်းပွင့်ချိန်များတွင် မြေဩဇာကြဲပက်၍ ရေသွင်းပေးရပြီး ကြားထွန်တိုက်ကာ မြေဆွပေးရကြောင်း၊ အပင် ၅၀ ရက်သားတွင် စုပ်ပိုးကာကွယ်ဆေးနှစ်ကြိမ်၊ ၆၀ ရက်သားနောက်ပိုင်းတွင် ဝါဂွမ်းပိုးနီနှင့်ရွက်လိပ်ရွက်စားပိုးသတ်ဆေးနှစ်ကြိမ်ဖျန်းပေးရပြီး လိုအပ်ပါက တခြားပိုးများအတွက် ပိုးသတ်ဆေးများ ဖျန်းပေးရကြောင်း သိရသည်။



ဝါကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဝင်ငွေရရှိကာ တောင်သူများ၏လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

## မဲရုံတွင်ဆန္ဒမဲပေးခြင်းအတွက် သိရှိမှတ်သားဆောင်ရွက်ရမည့်အချက်များ

**(အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း)**

- မဲရုံသို့ဝင်ရောက်သည့်အခါ မဲစာရင်းစစ်ဆေးသူထံ မိမိ၏အမည်နှင့် မဲစာရင်းအမှတ်စဉ်ကိုပြောပြပါ၊ အထောက်အထားအဖြစ် နိုင်ငံသားစိစစ်ရေးကတ်ကိုပြပါ၊
- မဲစာရင်းစစ်ဆေးသူက မိမိ၏အမည်ကို တွေ့ရှိပြီး မှန်ကန်လျှင် မဲစာရင်း၌လက်မှတ်ရေးထိုးပါ၊ သို့မဟုတ် လက်ဝဲလက်မဖြင့် လက်ဗွေနှိပ်ပါ၊
- လျှို့ဝှက်ဆန္ဒပြုခန်းအတွင်းသို့ဝင်၍ ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတအမှတ်အသားတည့်တည့်တွင်ရှိသော ဆန္ဒပြုခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြုပါ၊
- ဆန္ဒပြုပြီးနောက် ဆန္ဒပြုစက်နှင့် ချိတ်ဆက်ထားသော မဲပေးချက်ဖော်ပြသည့်စက်မှ ပြသသည့်ဆန္ဒမဲဖြတ်ပိုင်းတွင် မိမိမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏အမည်နှင့် သင်္ကေတအမှတ်အသားကို ကြည့်ရှုနိုင်သည်၊
- မိမိဆန္ဒပြုလိုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကိုသာ ဆန္ဒမဲပေးပါ၊
- မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲ တစ်မဲစီသာပေးပါ၊
- မဲရုံမှမထွက်ခွာမီ မဲပေးပြီးကြောင်း မင်တို့ပေးသည့် မဲရုံအဖွဲ့ဝင်ထံသွားရောက်၍ သတ်မှတ်ထားသည့် လက်ချောင်းတစ်ချောင်းချောင်းတွင် မင်တို့ပါ၊
- မဲပေးပြီးပါက မဲရုံပရိဝုဏ်အတွင်းမှ ဆောလျင်စွာထွက်ခွာပါ။

**“ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်”**

**“လွတ်လပ်မျှတ၊ မဲပေးကြ”**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်

မြိတ် အောက်တိုဘာ ၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် သမုတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ အောက်တိုဘာလ ၄ ရက် နံနက်ပိုင်းတွင် မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ဖြင့်မဲပေးနိုင်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်ကြောင်းသိရသည်။

ရှေးဦးစွာ မြိတ်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းမောင်က ရွေးကောက်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး နည်းပြဆရာဦးသန်းဝင်းက MEVM မဲပေးစက်အသုံးပြုနည်းများနှင့် မဲပေးသည့်ပုံစံများအား အသိပညာပေးရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော သမုတ်၊ သစ်ယာဝ၊ ပဆွပ်ကျေးရွာအုပ်စုတို့မှ ရပ်မိရပ်ဖများ၊ မဲဆန္ဒရှင်ပြည်သူများအား အီလက်ထရောနစ်မဲပေးစက် အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးစေခြင်းဆောင်ရွက်ကြကြောင်း သိရသည်။

မြင့်ဦး(မြိတ်)



## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့်စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့်အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း သီတင်းကျွတ်ကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့်မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများမရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတိပေးနှိုးဆော်ချက်များနှစ်စဉ်ထုတ်ပြန်လျက်ရှိသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ သီတင်းကျွတ်ပွဲတော်ကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများအထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင်ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့်မီးဒုံး(ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများမပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၁၀-၂၀၂၅(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် |
| ၂။ | ၀၇:၁၆ | မေတ္တာပို့ |
| ၃။ | ၀၉:၀၀ | Soft Skill |
| ၄။ | ၁၀:၀၀ | တစ်ပတ်အတွင်းနိုင်ငံတကာသတင်း |
| ၅။ | ၁၁:၀၀ | ကမ္ဘာ့ရေးရာမှတ်သားစရာ |
| ၆။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု |
| ၇။ | ၁၃:၀၀ | အမှတ်တရနေ့ရက်များ |
| ၈။ | ၁၄:၀၀ | မှတ်သားလိုက်နာပုံပမာ |
| ၉။ | ၁၅:၀၀ | အဟောင်းထဲမှအကောင်းဆုံးတေးသီချင်းများ |
| ၁၀။ | ၁၆:၀၀ | မျိုးချစ်တပ်မတော် |
| ၁၁။ | ၁၈:၀၀ | **မြဝတီရုပ်မြင်သံကြားသတင်း** |
| ၁၂။ | ၁၈:၃၀ | **ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ** |
| ၁၃။ | ၁၈:၄၀ | ကျန်းမာသုတ |
| ၁၄။ | ၁၉:၀၀ | CGTN Nature အပိုင်း(၄၁) |

### MWD Education, Knowledge & Sports Channel

၆-၁၀-၂၀၂၅(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၄၀ | Grade - 6 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၄၅ | Grade - 6 | အင်္ဂလိပ်စာ၊ သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၃။ | ၁၆:၄၅ - ၁၈:၀၅ | Grade - 6 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |
| ၄။ | ၁၈:၀၅ - ၁၈:၄၀ | Grade - 3 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၅။ | ၁၈:၄၀ - ၁၉:၃၀ | Grade - 3 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |

## သဇင်(FM)အသံလွှင့်အစီအစဉ်

၆-၁၀-၂၀၂၅(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Sport News |
| ၂။ | ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် |
| ၃။ | ၁၅:၀၀ | Jumping For You |
| ၄။ | ၁၆:၄၀ | I Music |
| ၅။ | ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၆။ | ၂၂:၂၀ | Goodnight Listeners |

## MWD Variety Channel

၆-၁၀-၂၀၂၅(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၂၅ | စိတ်ဝင်စားဖွယ်ရာ တိရစ္ဆာန်ကမ္ဘာ |
| ၂။ | ၁၂:၅၅ | Knowledge Note |
| ၃။ | ၁၄:၃၅ | သတိမမူဂူမမြင် |
| ၄။ | ၂၁:၀၅ | မှတ်တမ်းအစီအစဉ် |

# တောင်ကြီးမြို့၊ မြို့လုံးကျွတ် ဝါတွင်းကာလ အရုဏ်ဆွမ်းလောင်းလှူခြင်း အောင်ပွဲကျင်းပ



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦးတို့ သံဃာတော်များအား ဝါတွင်းကာလအရုဏ်ဆွမ်း လောင်းလှူစဉ်။

နေပြည်တော် အောက်တိုဘာ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မြို့လုံးကျွတ် ဝါတွင်းကာလ အရုဏ်ဆွမ်း လောင်းလှူခြင်း အောင်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ ကန်အောက်ရပ်ကွက်ရှိသာသနာလင်္ကာရ ကမ္ဘာ့ဇသာသနာ့ဗိမာန်ရှေ့၌ ပြုလုပ်ရာ နိုင်ငံတော်ဩဝါဒါစရိယ၊ တောင်ကြီးမြို့ ကံသာရပ်ကွက်စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်း တိုက်၊ ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ကြ သည်။

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များအား အရုဏ် ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လောင်းလှူကြသည်။ ထို့နောက် ဝါတွင်း ကာလ အရုဏ်ဆွမ်းလောင်းလှူခြင်း အောင်ပွဲကို ဆက်လက်ပြုလုပ်ရာ အခမ်း အနားကို စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်း တိုက်၊ ဦးစီးပဓာန နာယက ဆရာတော်ထံ မှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များအား ပြည်နယ် ဝန်ကြီးချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရှမ်းပြည်နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိ စာသင် တိုက် ဦးစီးပဓာန နာယက ဆရာတော်အဂ္ဂ မဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ တေဇဝန္တထံမှ လှူဒါန်းမှု အစုစုတို့ အတွက် ရေစက်သွန်းချအမျှပေးဝေကြ သည်။

အဆိုပါ ဝါတွင်းကာလအရုဏ်ဆွမ်း လောင်းလှူပွဲတွင် တောင်ကြီးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၇၄ ကျောင်းတို့မှ သံဃာတော်များနှင့် ရှင်သာမဏေ ၉၂၃ပါး တို့အား လောင်းလှူခဲ့ကြကြောင်း သတင်း ရရှိသည်။

(၁၀၀)

# စစ်တွေမြို့၌ သီတင်းကျွတ်ပွဲတော် သံဃာတော် အပါး ၅၀၀ အား စုပေါင်းဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၅

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၌ သီတင်းကျွတ်ပွဲတော် သံဃာတော် အပါး ၅၀၀ အား စုပေါင်းဆွမ်းဆန်တော်လောင်း လှူပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ရှိ လောကာနန္ဒာစေတီတော်မြတ်ကြီး၌ ပြုလုပ်ရာ စစ်တွေမြို့ နန္ဒာရာမပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနန္ဒသိရီ အမှူးပြုသော သံဃာတော် များ ကြွရောက်တော်မူကြပြီး ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာ ဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန် ရှိသူများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နန္ဒာရာမ ပရိယတ္တိစာသင်တိုက်ဆရာတော်ထံမှငါးပါး သီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူ သော ပရိတ်တရားတော်များကို နာယူ ကြည်ညိုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မြို့နယ် ဩဝါဒါစရိယ စစ်တွေမြို့၊ ပညာလင်္ကာရ ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိ ဘဒ္ဒန္တ နာဂိန္ဒ ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစု တို့အတွက် ရေစက်သွန်းချအမျှပေးဝေ ကြသည်။

ယင်းနောက် နန္ဒာရာမပရိယတ္တိစာသင် တိုက် ဆရာတော်ကြီးအမှူးပြုသော စစ်တွေမြို့ ဘုန်းတော်ကြီးကျောင်းအသီးသီး တို့မှသံဃာတော်အပါး၅၀၀ က စေတီတော် မြတ်ကြီးရင်ပြင်တော်တစ်ပတ် ဆွမ်းခံ ကြွရောက်တော်မူကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူ များ၊ ဆရာ၊ ဆရာမများနှင့် ဒေသခံပြည်သူ များက ဆွမ်းဆန်တော်နှင့် လှူဖွယ် ပစ္စည်းများ၊ နဝကမ္မအလှူငွေများ ဆက်ကပ်လောင်းလှူကြသည်။ ထို့အပြင် စစ်တွေမြို့ရှိ သီလရှင်ကျောင်းတိုက်များမှ သာသနာ့ဝယ်ဝင် သီလရှင်အပါး ၁၀၀ အား ဆွမ်းဆန်စိမ်းနှင့် အလှူငွေများ ဆက်ကပ် လောင်းလှူခဲ့ကြကြောင်း သတင်းရရှိ သည်။



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း သံဃာတော်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများဆက်ကပ်လောင်းလှူစဉ်။

(၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူ ကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေ သည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက် သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ် ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှု နှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ် ကို ကာကွယ်ပေးခြင်းဖြစ်သည်။




*117# ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ဝယ်ယူကံစမ်းနိုင်ပါပြီ။

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
**ဒေါ်ရွှေ**
**အသက်(၉၂)နှစ်**

နေပြည်တော်နေ ဒေါက်တာကိုကိုလွင်-ဒေါ်စီစီဝင်းတို့၏ချစ်လှစွာသော မိခင်ကြီး ဒေါ်ရွှေ အသက်(၉၂)နှစ်သည် (၄-၁၀-၂၀၂၅)ရက်တွင် ကွယ်လွန် သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာကျော်ကျော်ငွေးနှင့် ဒေါ်သီတာရွှေ

**ပျောက်ဆုံးကြောင်း**

မောင်ဒေစီအောင်(ဘ)ဦးအောင်ကျော်ခင် ၁၁/ရဗန(နိုင်)၁၀၅၇၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။ ဖုန်း-၀၉-၆၉၈၉၄၄၇၅၅

**စာပေမြင့်မှ လူမျိုးတင့်မည်**

မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ

**လူမှုရေး/စီးပွားရေးကြော်ငြာများ**
**(30 % Discount Off)**

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀ိ/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၀၅၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup @ gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

# ဆော်ဒီကလပ် အယ်ဟီလယ်အသင်းက ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်မှူး ဟယ်ရီကိန်းကို မြင့်မားသည့်ပြောင်းရွှေ့ကြေး ပေါင် ၂၆၁ သန်းဖြင့် ခေါ်ယူရန်ဆန္ဒရှိနေ



ရီယက် အောက်တိုဘာ ၅

ဆော်ဒီကလပ် အယ်ဟီလယ်အသင်းသည် ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်မှူး ဟယ်ရီကိန်းကို မြင့်မားသည့်ပြောင်းရွှေ့ကြေး ပေါင် ၂၆၁ သန်းဖြင့် ခေါ်ယူရန်ဆန္ဒရှိနေကြောင်း သိရသည်။

အသက် ၃၂ နှစ်အရွယ် အင်္ဂလန်လက်ရွေးစင်အသင်းခေါင်းဆောင် တိုက်စစ်မှူး ဟယ်ရီကိန်းသည် ယခုဘောလုံးရာသီတွင် ဘိုင်ယန်မြူးနစ်အသင်း၌ အကောင်းဆုံးခြေစွမ်းပြကစားနေပြီး ပြိုင်ပွဲစုံ ၁၀ ပွဲတွင် ၁၈ ဂိုးအထိ သွင်းယူထားနိုင်ခဲ့ကာ အဆိုပါပြိုင်ပွဲအရေအတွက်နှင့် သွင်းဂိုးအရေအတွက်သည် ယခင်က တိုက်စစ်မှူးဟာလန်းတစ်ဦးတည်းသာရှိခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘောလုံးရာသီက ဆဲလ်ဘတ်အသင်းတွင် သွင်းယူခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူးဟယ်ရီကိန်းအနေဖြင့် ဘိုင်ယန်မြူးနစ်အသင်းနှင့် ချုပ်ဆိုထားသောစာချုပ်မှာ ၂၀၂၇ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်ကာ အကယ်၍ လာမည့် ဇန်နဝါရီလအပြောင်းအရွှေ့ကာလတွင် ၎င်းကို ခေါ်ယူလိုပါက ကလပ်အသင်းတစ်သင်းသည် ပေါင် ၅၆ ဒသမ ၇ သန်းဖြင့် ခေါ်ယူခွင့်ရှိသည်ဆိုသည့် အချက်လည်း စာချုပ်တွင် ပါဝင်ကြောင်း သိရသည်။

ဆော်ဒီကလပ် အယ်ဟီလယ်အသင်းက ဟယ်ရီကိန်းကို မြင့်မားသည့်ပြောင်းရွှေ့ကြေးဖြင့် ကမ်းလှမ်းရန် ဆန္ဒရှိနေပြီး ၂၀၂၃ ခုနှစ် စပါးအသင်းနှင့် လမ်းခွဲခဲ့စဉ်က တရားဝင်ကမ်းလှမ်းခဲ့သည့် မြင့်မားသောပြောင်းရွှေ့ကြေးပမာဏ ပေါင် ၂၆၁ သန်းဖြင့် ထပ်မံကမ်းလှမ်းလိုခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် စပါးအသင်းနှင့် လမ်းခွဲခဲ့စဉ်က အယ်ဟီလယ်အသင်း၏ တရားဝင်ကမ်းလှမ်းမှုကိုရရှိခဲ့သော်လည်း ဆုဖလားအောင်မြင်မှုများရရှိလိုခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းသို့သာ ပြောင်းရွှေ့ကစားခဲ့ပြီး အသင်းနှင့်အတူ ဂျာမန်ဘွန်ဒက်စ်လီဂါ၊ ဖရန့်ဇ်ဘက်ကင်ဘောင်ဝါစူပါဖလားများ ဆွတ်ခူးနိုင်ခဲ့ကာ ၎င်း၏ ကစားသမားဘဝ ဆုဖလားလက်မဲ့ဖြစ်မှုကို အဆုံးသတ်နိုင်ခဲ့ကြောင်း သိရသည်။

**Ref; Goal.com**

# စပါးအသင်းက ရိုဒရီဂိုဘန်တန်ကော်ကို နှစ်ရှည်သက်တမ်းတိုး စာချုပ် ချုပ်ဆို

လန်ဒန် အောက်တိုဘာ ၅

စပါးအသင်းသည် ကွင်းလယ်ကစားသမား ရိုဒရီဂိုဘန်တန်ကော်ကို နှစ်ရှည်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အသက် ၂၈ နှစ်အရွယ် ဥရုဂွေးလက်ရွေးစင်အသင်းကွင်းလယ်ကစားသမား ရိုဒရီဂိုဘန်တန်ကော်သည် ၂၀၂၂ ခုနှစ်က ဂျူဗင်တပ်စ်အသင်းမှ ပြောင်းရွှေ့လာပြီး စပါးအသင်းနှင့်အတူ ၁၂၂ ပွဲကစားထားကာ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ယူရိုပါလိဂ်ဖလားရရှိစေရန် အဓိကစွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

လက်ရှိအချိန်တွင် စပါးအသင်း၌ ဘောလုံးရာသီလေးရာသီကြာကစားခဲ့သည့် ရိုဒရီဂိုဘန်တန်ကော်၏ စာချုပ်သက်တမ်းမှာ ၂၀၂၆ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သည်။

ထို့ကြောင့် စပါးအသင်းက ရိုဒရီဂိုဘန်တန်ကော်အား သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ပြီး သက်တမ်းကာလမည်မျှဆိုသည်ကိုမူ ပြောကြားခြင်းမရှိဘဲ နှစ်ရှည်သက်တမ်းတိုးစာချုပ်ဖြစ်ကြောင်းသာ ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

**Ref; Fabrizio Romano**

# ဘာစီလိုနာအသင်းတိုက်စစ်မှူး ယာမယ် စပိန်အသင်း၏ လာမည့်ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်များကို လွဲချော်မည်

ဘာစီလိုနာ အောက်တိုဘာ ၅

ဘာစီလိုနာအသင်းတိုက်စစ်မှူး ယာမယ်သည် စပိန်အသင်း၏ လာမည့်ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်များကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

အသက် ၁၈ နှစ်အရွယ် ဘာစီလိုနာအသင်းတိုက်စစ်မှူး ယာမယ်သည် ပြီးခဲ့သည့်စက်တင်ဘာလအတွင်း ယှဉ်ပြိုင်ကစားခဲ့သည့် စပိန်အသင်း၏ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်များတွင် ပေါင်ခြံဒဏ်ရာရရှိခဲ့ပြီး ဘာစီလိုနာအသင်း၏ လာလီဂါပွဲစဉ်များဖြစ်သည့် ဗလင်စီယာ၊ ဂီတာဖေး၊ အိုဗီဒိုအသင်းနှင့်ပွဲစဉ်တို့အပြင် နယူးကာဆယ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရသည့် ချန်ပီယံလိဂ်ပွဲစဉ်ကိုပါ လွဲချော်ခဲ့ရသည်။

ယာမယ်အနေဖြင့် ဆိုစီဒက်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် အမှတ်ပေးပြိုင်ပွဲတွင် လူစားဝင်ကစားသမားအဖြစ် ပါဝင်ကစားနိုင်ခဲ့သော်လည်း ချန်ပီယံလိဂ်အုပ်စုပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် ပီအက်စ်ဂျီအသင်းနှင့်ပွဲစဉ်တွင် ပေါင်ခြံဒဏ်ရာထပ်မံရရှိခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ယာမယ်သည် အဆိုပါဒဏ်ရာကြောင့် ရက်သတ္တနှစ်ပတ်မှ သုံးပတ်အထိ အနားယူရမည်ဖြစ်ကာ စပိန်လက်ရွေးစင်အသင်း၏ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်များဖြစ်သော အောက်တိုဘာလ ၁၂ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ဂျော်ဂျီယာအသင်းနှင့်ပွဲစဉ်၊ အောက်တိုဘာလ ၁၅ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ဘူလ်ဂေးရီးယားအသင်းနှင့်ပွဲစဉ်များကို လွဲချော်မည်ဖြစ်သည်။

ထို့ပြင် ပြီးခဲ့သည့်ရက်ပိုင်းကလည်း ဘာစီလိုနာအသင်းက ယာမယ်၏ဒဏ်ရာရရှိမှုနှင့်ပတ်သက်၍ စပိန်လက်ရွေးစင်အသင်းကို ပြစ်တင်ဝေဖန်ခဲ့ပြီး လာမည့်ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်များအတွက် ၎င်းကို လက်ရွေးစင်အသင်းနှင့် ပူးပေါင်းခွင့်ပြုမည်မဟုတ်ကြောင်း ပြောကြားထားသည်။

တိုက်စစ်မှူး ယာမယ်သည် ၂၀၂၃ ခုနှစ်က ဘာစီလိုနာအသင်းကြီးအတွက် စတင်ပါဝင်ကစားခဲ့ပြီးနောက် ပြိုင်ပွဲစုံ ပွဲပေါင်း ၁၃၀ ကစားပေးထားသည့်အပြင် ယခုဘောလုံးရာသီတွင်လည်း ငါးပွဲယှဉ်ပြိုင်ကစားထားပြီး သွင်းဂိုး နှစ်ဂိုးနှင့် ဂိုးဖန်တီးမှုလေးကြိမ်ပြုလုပ်ထားနိုင်ခဲ့ကာ အဓိက ကစားသမားအဖြစ် ရပ်တည်နေကြောင်း သိရသည်။

**Ref; Goal.com**

# နော်တင်ဟမ်အသင်းက နည်းပြသစ် ပိုစတီကိုဂလူး၏အနာဂတ်ကို နိုင်ငံတကာပွဲစဉ်များကာလအတွင်း ဆုံးဖြတ်မည်

လန်ဒန် အောက်တိုဘာ ၅

နော်တင်ဟမ်အသင်းသည် နည်းပြသစ် ပိုစတီကိုဂလူး၏အနာဂတ်နှင့်ပတ်သက်၍ လာမည့်နိုင်ငံတကာပွဲစဉ်များယှဉ်ပြိုင်ကစားမည့်ကာလအတွင်း ဆုံးဖြတ်မည်ဖြစ်ကြောင်း သိရသည်။

နည်းပြ ပိုစတီကိုဂလူးသည် ထုတ်ပယ်ခံခဲ့ရသည့် နော်တင်ဟမ်အသင်းနည်းပြဟောင်း နူနိုဆန်းတို့စ်၏ နေရာတွင် အစားထိုးခန့်အပ်ခံရခြင်းဖြစ်ပြီး ၎င်းကိုင်တွယ်ခဲ့သည့် ၂၄ ရက်တာကာလအတွင်း အသင်း၏ရလဒ်ပိုင်းမှာ တိုးတက်လာခြင်းမရှိဘဲ ခြောက်ပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့သည်။

နော်တင်ဟမ်အသင်းအနေဖြင့် နည်းပြပိုစတီကိုဂလူး ကိုင်တွယ်ခဲ့သည့် နယူးကာဆယ်အသင်းနှင့်ပွဲစဉ်မတိုင်မီ နောက်ဆုံးခြောက်ပွဲတွင် အာဆင်နယ်အသင်းကို ၃ ဂိုး-ဂိုးမရှိ၊ ကာရာဘောင်းဖလားပြိုင်ပွဲ၌ ဆွမ်ဆီးအသင်းကို ၃ ဂိုး-၂ ဂိုး၊ ဆန်းဒါးလန်းအသင်းကို ၁ ဂိုး- ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီး ဘန်လေအသင်းကို တစ်ဂိုးစီသရေနှင့် ယူရိုပါလိဂ်အုပ်စုပြိုင်ပွဲတွင်လည်း စပိန်ကလပ် ဘက်တစ်အသင်းကို နှစ်ဂိုးစီသရေ၊ ဒိန်းမတ်ကလပ် မစ်ဂျေးလန်းအသင်းကို ၂ ဂိုး-၃ ဂိုးဖြင့် ရှုံးနိမ့်ကာ နော်တင်ဟမ်အသင်း၏ သက်တမ်းနှစ် ၁၀၀ အတွင်း ဆိုးရွားသည့်မှတ်တမ်းကို ပိုင်ဆိုင်ခဲ့သည့် ပထမဆုံးနည်းပြဖြစ်လာကြောင်း သိရသည်။

ထို့ပြင် မစ်ဂျေးလန်းအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ယူရိုပါလိဂ်အုပ်စုပွဲစဉ်(၂)တွင် နော်တင်ဟမ်အသင်းပရိသတ်များက ယခင်နည်းပြ နူနိုဆန်းတို့စ်၏ အမည်ကို ခေါ်ဆိုခဲ့ကြသကဲ့သို့ နည်းပြပိုစတီကိုဂလူးကိုလည်း လှောင်ပြောင်ခဲ့ကြသည်။

အသက် ၆၀ နှစ်အရွယ် ဩစတြေးလျနိုင်ငံသား နည်းပြပိုစတီကိုဂလူး၏ အနာဂတ်နှင့်ပတ်သက်၍ နော်တင်ဟမ်အသင်းတာဝန်ရှိသူများက လာမည့်နိုင်ငံတကာပွဲစဉ်များ ယှဉ်ပြိုင်ကစားမည့်ကာလအတွင်း ဆုံးဖြတ်မည်ဖြစ်ကာ အသင်းနည်းပြသက်တမ်း ၂၄ ရက်ကာလသာရှိသေးသည့် ပိုစတီကိုဂလူး၏အနာဂတ်သည် မရေမရာဖြစ်လာပြီး ၎င်းအနေဖြင့် စပါးအသင်းကို ပြီးခဲ့သည့်ဘောလုံးရာသီက ယူရိုပါလိဂ်ဖလားရရှိစေရန် စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း ပရီးမီးယားလိဂ်အမှတ်ပေးပြိုင်ပွဲတွင် အဆင့်(၁၇) နေရာ၌သာ ရပ်တည်နိုင်သောကြောင့် ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။



**Ref; Fotmob**

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည်(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၇၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၇၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၄၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၄၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၆၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၅၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၄၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၃၀၀,၀၀၀ ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၇၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၆၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၅၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၄၀၀,၀၀၀ ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ




ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။




မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။




ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

နေပြည်တော် အောက်တိုဘာ ၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁ ရက်**တွင် ဘားအံမြို့၊ ဘုရားကုန်းကျေးရွာရှိဂိုဒေါင် (၂)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁၃)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၁)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၉၁၅၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁ ရက်**တွင် ပဲခူးမြို့နယ်နှင့် ဒိုက်ဦးမြို့နယ်တို့အတွင်း၌ တရားမဝင်အခြားသစ် (၅၃ ဒသမ ၃၂၉)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၉၉၁၅၂)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၃ ရက်**တွင် ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၅၈၀၀)နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Corolla Station Wagon (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၅၅၈၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

အလားတူ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂ ရက်**တွင် မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ ဈေးချိုကားကွင်းအတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၉)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၁၅၃၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂ ရက်**တွင် ရွှေပြည်သာမြို့နယ်နှင့် သာကေတမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၂)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၃ ရက်**တွင် ရပ်စောက်-ရွှေညောင်လမ်းအနီး၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်စားသောက်ကုန်ပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၄၈၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Alphard (၁)စီး၊ Nissan Elegrand (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၄၄၈၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီးအကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

အောက်တိုဘာလ ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၆)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၇၉၀၉၅၂)**ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ်များစွာ ဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ မြဝတီ

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၅၈၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် အောက်တိုဘာ ၅

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရေးစားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ အောက်တိုဘာလ ၆ ရက်မှ ၁၂ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၅၈၅ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့်ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင်မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၄ ံc / ၃၅ ံc |
| ရန်ကုန် | ၂၅ ံc / ၃၂ ံc |
| မန္တလေး | ၂၇ ံc / ၃၆ ံc |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၁၀-၂၀၂၅ — ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၃၀ | ၂၉၄၀ | ၂၉၁၀ | ၂၈၄၀ | ၂၉၅၀ | ၂၉၆၅ | ၂၉၈၀ | ၂၉၀၀ | ၄၅၀၅ | ၃၁၉၀ | ၂၉၁၅ | ၂၉၂၀ | ၂၉၈၅ | ၂၉၅၀ | ၂၉၇၅ | ၃၂၃၀ |
| 95 Ron | ၂၈၉၅ | ၃၀၁၀ | ၂၉၇၅ | ၂၉၁၀ | ၃၀၁၅ | ၃၀၃၀ | ၃၀၅၀ | ၂၉၆၅ | ၄၅၆၀ | ၃၂၆၀ | ၂၉၈၅ | ၂၉၈၅ | ၃၀၅၅ | ၃၀၂၀ | ၃၀၄၀ | ၃၃၀၀ |
| HSD (500 ppm) | ၂၅၄၅ | ၂၆၅၅ | ၂၆၂၅ | ၂၅၆၀ | ၂၆၆၅ | ၂၆၈၀ | ၂၆၉၅ | ၂၆၁၅ | - | ၂၉၁၀ | ၂၆၃၀ | ၂၆၃၅ | ၂၇၀၅ | ၂၆၇၀ | ၂၆၉၀ | ၂၉၄၅ |
| HSD (50 ppm) | ၃၁၁၅ | ၃၂၃၀ | ၃၁၉၅ | ၃၁၃၀ | ၃၂၃၅ | ၃၂၅၀ | ၃၂၆၅ | ၃၁၈၅ | ၄၈၃၀ | ၃၄၈၀ | ၃၂၀၀ | ၃၂၀၅ | ၃၂၇၅ | ၃၂၄၀ | ၃၂၆၀ | ၃၅၂၀ |
| HSD (10 ppm) | ၃၁၁၅ | ၃၂၃၀ | ၃၁၉၅ | ၃၁၃၀ | ၃၂၃၅ | ၃၂၅၀ | ၃၂၆၅ | ၃၁၈၅ | - | ၃၄၈၀ | ၃၂၀၀ | ၃၂၀၅ | ၃၂၇၅ | ၃၂၄၀ | ၃၂၆၀ | ၃၅၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၆၄ | ၂၇၅၁ |
| 95 Ron | ၂၇၃၀ | ၂၈၁၈ |
| HSD (500 ppm) | ၂၃၈၈ | ၂၄၆၅ |
| HSD (50 ppm) | ၂၉၄၂ | ၃၀၃၀ |
| HSD (10 ppm) | ၂၉၄၂ | ၃၀၃၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**



**Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။**

အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကိုဘဏ်ကိုသွားရန်မလိုဘဲမိုဘိုင်းဖုန်းဖြင့်ထုတ်ယူနိုင်ပါပြီ။

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း

Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊

Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊

လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

Myanmar MOBILE MONEY

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ

ထုတ်လုပ်သော **ကြံ့**၊ **ဆင်နှစ်ကောင်** ၊ **Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**




ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇

အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀

အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀




**မြဝတီဘဏ်လီမိတက်**
MYAWADDY BANK LIMITED

**Services**

- Current Deposit Account
- Savings Deposit Account
- Fixed Deposit Account
- Call Deposit Account
- Scholarship Funding Services
- Loans , Overdraft and Hire Purchase System
- Gift Cheque Services and Payment Order Services
- Safe Deposit Locker
- ATM / POS Services / MPU Debit Card / Credit Card
- MIR Card POS Services / MIR Card Cashout (MMK) Via POS
- Mobile Banking and Internet Banking Services
- Foreign Banking Services with Russian Banks

" စိတ်ချရတာ မြဝတီဘဏ် "



MPU UnionPay

Phone No : (01) 2301367, 2301368, 2301452, 2301378

**ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd**




ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR

FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com

❖ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကိုရှေးရှုပြီး အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုကို ယခုထက်မြှင့်တင်ကြရန်တိုက်တွန်းပြောကြားလို . . .

❖ အစိုးရနှင့်ပုဂ္ဂလိကအကြား နီးနီးစပ်စပ်ပူးပေါင်းပြီး လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်မှသာ ကုန်ထုတ်လုပ်မှုနှင့် ကုန်စည်စီးဆင်းမှုတိုးတက်လာစေမည်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင်ပြုလုပ်သော မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ရန်ကုန်တိုင်းဒေသကြီး သီတင်းကျွတ်ဈေးရောင်းပွဲတော်တွင် ပြည်တွင်းဒေသထွက်ထုတ်ကုန်များကို ရောင်းချပေးလျက်ရှိရာ ဝယ်ယူအားပေးကြသူများဖြင့်စည်ကားလျက်ရှိ



ရန်ကုန် အောက်တိုဘာ ၅

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၅ ခုနှစ် သီတင်းကျွတ်ဈေးရောင်းပွဲတော်ကို ယနေ့ နံနက်ပိုင်းမှစတင်ကာ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ဒုတိယနေ့အဖြစ် ဆက်လက်ပြသ ရောင်းချလျက်ရှိရာ ဝယ်ယူအားပေးကြသူများဖြင့်အထူးစည်ကားလျက်ရှိသည်။

ဈေးရောင်းပွဲတော်တွင် စက်မှုဇုန်များ၊ MSME လုပ်ငန်းရှင်များ၊ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ စက်မှုထုတ်ကုန်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဒေသထွက်ကုန်ပစ္စည်းများနှင့် စာမျက်နှာ ၁၄ ကော်လံ ၃ ⇨

# ကျောက်ဆည်မြို့၌ ရိုးရာဆင်အကအလှုပြိုင်ပွဲကျင်းပ



ကျောက်ဆည် အောက်တိုဘာ ၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ရွှေသာလျောင်းတောင်ခြေ ဆင်အကအလှုပြိုင်ကွင်း ဗဟိုမဏ္ဍပ်၌ ရိုးရာဆင်လှူပွဲတော်နှင့် ဆင်အကအလှုပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲကိုကျောက်ဆည်ခရိုင်စီမံခန့်ခွဲရေးနှင့် စာမျက်နှာ ၁၆ ကော်လံ ၅ ■

## (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၅

၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာလ ၇ ရက်မှ ၁၃ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I)၊ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၊ လေ့ကျင့်ရေးဇာတ်ရုံနှင့် နေပြည်တော် မြို့တော်ခန်းမလဟာပြင်ဇာတ်ရုံတို့တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။ စာမျက်နှာ ၁၀ ကော်လံ ၄ ❖

**တနင်္ဂနွေနေ့ ဘောလုံးပွဲ ရလဒ်များ**

| | | | | |
|---|---|---|---|---|
| **အင်္ဂလန်ပရီးမီးယားလိဂ်** | | | | |
| ဗီလာ | ၂ | - | ၁ | ဘန်လေ |
| အဲဗာတန် | ၂ | - | ၁ | ပဲလေ့ |
| နယူးကာဆယ် | ၂ | - | ၀ | နော်တင်ဟမ် |
| ဝုလ်ဗ် | ၁ | - | ၁ | ဘရိုက်တန် |
| **စပိန်လာလီဂါ** | | | | |
| ရီးရဲ | ၃ | - | ၁ | ဗီလာရီးရဲ |
| အလာဗက် | ၃ | - | ၁ | အယ်ချီ |
| ဆီဗီလာ | ၄ | - | ၁ | ဘာစီလိုနာ |

**တိုင်ဖွန်းမုန်တိုင်း "မတ်မို" အားကောင်းသော အပူပိုင်းမုန်တိုင်းအဖြစ် အားလျော့သွားနိုင်** စာ - ၅ သို့




SIN MINN
ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015 CERTIFICATE NO.TH011875
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com